# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

# သတ္တမနေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်

## (၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်)

## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့မှာ လွှတ်တော်အခွင့်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦး ရှိတဲ့အနက် ၃၈၆ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၈၉.၉၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၄-၁-၂၀၁၃ ရက်နေ့တွင် ကျင်းပသော ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေနဲ့ ခွင့်ပြုချက်တင်ပြအပ်ပါတယ်ခင်ဗျား။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်သို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၉ ဦးအနက် တက်ရောက်သူ ၃၈၆ ဦးရှိပြီး ခွင့်ပန်ကြားသူ ၄၃ ဦး ရှိပါတယ်။ ၄၃ ဦးအနက်ယခင် ခွင့်ပန်ကြားသူ ၂၅ ဦးရှိပြီး ယနေ့ခွင့်ပန်ကြားသူ ၁၈ ဦးရှိပါတယ်။ ၁၈ ဦးစာရင်းကိုခွင့်ပြုပေးရန်အတွက် တင်ပြပါမယ်ခင်ဗျား-

(၁) ဝေါမဲဆန္ဒနယ်မဲဆန္ဒနယ်မှ ဦးမြင့်ရွှေ ခွင့် ၂ ရက်၊

(၂) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၂ ရက်၊

(၃) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၂ ရက်၊

(၄) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၂ ရက်၊

(၅) သာယာဝတီမဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၂ ရက်၊

(၆) မိုးညိုမဲဆန္ဒနယ်မှ ဦးနန်းဦး ခွင့် ၂ ရက်၊

(၇) အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး ခွင့် ၂ ရက်၊

(၈) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ခွင့် ၂ ရက်၊

(၉) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင် ခွင့် ၂ ရက်၊

(၁၀) ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို ခွင့် ၂ ရက်၊

(၁၁) မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ် ခွင့် ၂ ရက်၊

(၁၂) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၂ ရက်၊

(၁၃) ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဉာဏ်ဆွေဝင်း ခွင့် ၂ ရက်၊

(၁၄) မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန် ခွင့် ၂ ရက်၊

(၁၅) ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၁၆) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၁ ရက်၊

(၁၇) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွန်းခေါင်လွင် ခွင့် ၂ ရက်၊

(၁၈) ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း ခွင့် ၂ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၈ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၄၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**ထီးချိုင့်မြို့နယ် မီတာ ၄၀၀ အားကစားကွင်းအတွင်း မိုးလုံလေလုံအားကစားရုံတစ်ရုံ အားချမှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း။**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး မေးမြန်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးစိုးစိုး (ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အားကစားဖွံ့ဖြိုးရေးအတွက် မေးခွန်းမေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ထီးချိုင့်မြို့နယ်မှာ အားကစားဝန်ကြီးဌာနရဲ့အစီအစဉ်နဲ့ ၁၉၉၅ ခုနှစ်က မီတာ ၄၀၀ အားကစားကွင်းကို ဖော်ထုတ်ပေးခဲ့ပြီးတော့မှ ၂၀၀၈ ခုနှစ်မှာတော့ ပွဲကြည့်စင်နှင့်ကွင်းလိုအပ်ချက်တွေကို ဆောက်လုပ်ဆောင်ရွက်

ပေးခဲ့ပါတယ်။ ၎င်းအပြင် မြို့နယ်အတွက် မိုးလုံလေလုံ အားကစားရုံတည်ဆောက်ဖို့အတွက် မြေနေရာ လျာထားချန်လှပ်ခဲ့တာကိုလည်း တွေ့ရှိရပါတယ်။ မြို့နယ်အားကစားဖွံ့ဖြိုးရေးအတွက် ဒေသခံ မိဘ ပြည်သူများအနေနဲ့ မိုးလုံလေလုံ အားကစားရုံကို နိုင်ငံတော်က တည်ဆောက်ပေးနိုင်ရေး မျှော်လင့် လျက်ရှိကြပါတယ်။ သို့ပါ၍ အားကစားဝန်ကြီးဌာနအနေနဲ့ ထီးချိုင့်မြို့နယ် မီတာ ၄၀၀ အားကစားကွင်းအတွင်းမှာ မိုးလုံလေလုံအားကစားရုံတစ်ရုံကို ခွင့်ပြုချက်ချမှတ်၍ ဆောင်ရွက် ပေးရန်အစီအစဉ် ရှိ၊ မရှိနှင့် လျာထားချက်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ချမှတ်ခွင့်ပြုပေးနိုင် မည်ကို သိရှိလို၍မေးမြန်းတင်ပြရခြင်း ဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသောင်းထိုက်(ဒုတိယဝန်ကြီး၊ အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းဖြင့် ပြည့်စုံကြပါစေကြောင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ထီးချိုင့် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုးရဲ့ ထီးချိုင့်မြို့နယ် မီတာ ၄၀၀ အားကစားကွင်း အတွင်း မိုးလုံလေလုံ အားကစားရုံတစ်ရုံအားချမှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ကျွန်တော်ဒုတိယဝန်ကြီး ဦးသောင်းထိုက်မှ ဖြေကြားသွားမှာဖြစ်ပါတယ်။ အားကစားဝန်ကြီးဌာနအနေဖြင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်းမှာ နေပြည်တော်မှာ ကျင်းပမဲ့ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာလက်ခံကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက် ရှိပါတယ်။ ပြိုင်ပွဲကျင်းပရန် အချိန်ကာလ ၉ လခန့်သာကျန်ရှိပါသဖြင့် လက်ရှိအချိန်မှာလိုအပ်သည့် အားကစားကွင်း၊ အားကစားရုံ၊ အားကစားရွာ တည်ဆောက်ခြင်းလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ ရန် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် မြန်မာအားကစားအဖွဲ့အောင်နိုင်ရေး အတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကဏ္ဍများတွင်လည်း ငွေကြေးအရင်းအနှီးမြောက်မြားစွာ အကုန်ကျခံလျက် ဆောင်ရွက်လျက်ရှိပါတယ်။ အားကစားဝန်ကြီးဌာနအနေဖြင့် ပြည်နယ်နှင့်တိုင်း ဒေသကြီးအသီးသီးရှိ အားကစားကွင်းများ အဆင့်မြှင့်တင်ပြုပြင်ပေးရေးနှင့် အားကစားရုံများ တည်ဆောက်ပေးနိုင်ရေးအတွက် အားကစားလှုပ်ရှားဆောင်ရွက်နိုင်မှုများ၊ မျိုးဆက်သစ်အားကစား သမား ရှာဖွေဖော်ထုတ်ပေးနိုင်မှုများအပေါ် မူတည်၍ ဦးစားပေးမြို့နယ်များ စိစစ်ရွေးချယ်သတ်မှတ်

ကာ အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး ပြီးနောက်ပိုင်းတွင် ဘဏ္ဍာငွေလျာထားတောင်းခံပေးသွားမှာဖြစ်ပါတယ်။ ထီးချိုင့်မြို့နယ်မှာ မိုးလုံလေလုံအားကစားရုံတစ်ရုံ တည်ဆောက်ပေးရေးကိစ္စကိုလည်း အားကစားရုံမရှိသေးသည့်အခြားသော မြို့နယ်များနည်းတူ အထက်တင်ပြပါ သတ်မှတ်ချက်များနှင့်အညီ စိစစ်ရန်ဦးစားပေးမြို့နယ်အလိုက် သတ်မှတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**လှာကာ(ဖားပု)-သထုံ မီးရထားဖောက်လုပ်ရာတွင် ပိုမိုသိမ်းယူထားသော လယ်ယာမြေအားနစ်နာသောလယ်ပိုင်ရှင်ထံသို့ ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာမှမေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သလိုက်ပါတယ်ရှင့်။ ကျွန်မကတော့ ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာ ဖြစ်ပါတယ်ရှင်။ ကျွန်မမေးမြန်းလိုတဲ့ မေးခွန်းဟာ ပြီးခဲ့တဲ့ နိုဝင်ဘာလ ၂၅ ရက်နေ့တုန်းက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လူထုတွေ့ဆုံပွဲမှာ ဒေသခံမှ တင်ပြခဲ့သောမေးခွန်းနဲ့ပတ်သက်ပြီး ကျွန်မကျေးရွာလူထုဆီ ကွင်းဆင်းခဲ့တဲ့အခါမှာ ယခုလိုပြန်လည် တင်ပြမေးမြန်းခဲ့ခြင်းဖြစ်ပါတယ်ရှင့်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မမေးမြန်းလိုတဲ့မေးခွန်းကတော့ မီးရထားလမ်းဖောက်လုပ်ရာမှာ ပိုမိုသိမ်းယူထားခဲ့သော လယ်မြေများအား နစ်နာနေသော လယ်ပိုင်ရှင်များထံ ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ၁၉၉၄ ခုနှစ်တုန်းက ဘားအံမြို့နယ်သံလွင်မြစ်ရဲ့အနောက်ဘက်ခြမ်း လှာကာ(ဖားပု)နဲ့ သထုံမီးရထားလမ်းကိုဖောက်လုပ်ပြီး မီးရထားပြေးဆွဲခဲ့ပါတယ်ရှင်။ ၁၉၉၇ ခုနှစ် သံလွင်တံတားဖွင့်ပြီးတဲ့နောက်ပိုင်းမှာ မီးရထားပြေးဆွဲမှုမရှိတော့ဘဲနဲ့ ရထားလမ်းဘေးဝဲယာမှာရှိတဲ့ သိမ်းယူထားတဲ့ လယ်မြေအပေါ်မှာ မြေကွက်များကိုချပြီးတော့ အိမ်များဆောက်လုပ်နေထိုင်ကြပါတယ်။ မည်သူ့ရဲ့ခွင့်ပြုချက်ဖြင့် နေထိုင်ကြသည်ကို မသိရသော်လည်းပဲ ထိုမြေများကိုပိုင်ဆိုင်တဲ့ မူလပိုင်ရှင်လယ်သမားများဟာ အကျိုးခံစားခွင့်တစ်စုံတစ်ရာမရရှိခဲ့ပါ။ သို့ဖြစ်ပါ၍ မီးရထားပြေးဆွဲရန် အစီအစဉ်မရှိတော့ပါက ပိုမိုသိမ်းယူထားသော လယ်မြေများကို မူလပိုင်ရှင်လယ်သမားများကို ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ၊ မရှိမေးမြန်းရခြင်းဖြစ်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်ရှင့်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများခင်ဗျား။ ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာ မေးမြန်းတဲ့မေးခွန်းအတွက် ကျွန်တော် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်မှ ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။ ကရင်ပြည်နယ် ဘားအံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာမှ လှာကာ(ဖားပု)-သထုံ မီးရထားဖောက်လုပ်ရာမှာ ပိုမိုသိမ်းယူထားသော လယ်ယာမြေအား နစ်နာသောလယ်ပိုင်ရှင်များထံသို့ ပြန်လည်ပေးအပ်ရန် အစီအစဉ်ရှိ၊ မရှိသိလိုကြောင်း မေးမြန်းထားပါတယ်ခင်ဗျား။ လှာကာ-မြိုင်ကလေး-ဒူးရင်းဆိပ်-သထုံလမ်းပိုင်း ၂၃.၂၅ မိုင်အနက် မြိုင်ကလေး-သထုံ ၂၀.၁၂ မိုင်မှာတော့ ယခုအချိန်အထိ ကုန်ရထားများပြေးဆွဲလျက်ရှိကြောင်းတင်ပြအပ်တယ်။ လှာကာ-မြိုင်ကလေး လမ်းပိုင်းမှာတော့ နေထိုင်သူများက ဘားအံဘက်ကိုသာ သွားလေ့ရှိတဲ့အတွက် ဘားအံသို့ရောက်တဲ့ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ ထော်လာဂျီတို့ကိုသာ အသုံးပြုကြတဲ့အတွက် ရထားစီးခရီးသည်နည်းပါးမှုကြောင့် ၂၀၀၉ ခုနှစ်နောက်ပိုင်း လှာကာ-မြိုင်ကလေးအကြား ရထားပြေးဆွဲမှုမရှိခဲ့ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ သို့သော်လည်း နောင်တစ်ချိန် ကရင်ပြည်နယ်ရဲ့ စီးပွားရေးနှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြေအနေ ပြောင်းလဲလာပါက လှာကာ-မြိုင်ကလေး-သထုံ ရထားကိုပြန်လည်ပြေးဆွဲပေးရမှာ ဖြစ်တဲ့အတွက်ကြောင့် ၁၉၉၄ ခုနှစ်က သိမ်းယူထားပြီးဖြစ်တဲ့ ရထားမြေများကို ပြန်လည်ပေးအပ်ရန် အစီအစဉ်မရှိပါကြောင်းတင်ပြအပ်ပါတယ်။ ရထားမြေမှာ ကျူးကျော်နေထိုင်နေတဲ့တဲအိမ်များကိစ္စနှင့် ပတ်သက်ပြီးတော့ မြန်မာ့မီးရထားမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ပြီးဖြစ်ပါတယ်။ စစ်ဆေးချက်အရ လှာကာဘူတာရပ်ဝင်းအတွင်းမှာ တဲအိမ်များရှိနေကြောင်းတွေ့ရတဲ့အတွက် တည်ဆဲဥပဒေများနှင့်အညီ ဖယ်ရှားရှင်းလင်းရေး စီမံဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင့်။ နစ်နာဆုံးရှုံးသွားတဲ့ လယ်သမားများကို လယ်မြေများ ပြန်လည်ပေးအပ်ခြင်းမရှိပါက လယ်မြေများကို ကာလပေါက်ဈေးဖြင့် ပြန်လည်လျော်ပေးစေလိုပါတယ်ရှင်။

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ ကျွန်တော်တို့ မြန်မာ့မီးရထားအနေနဲ့ ရှေးယခင်က မြေသိမ်းဆည်းခဲ့တာရှိပါတယ်။ အချို့လည်း မြေလျော်ကြေးပေးအပ်ခဲ့ပါတယ်။ အခုတင်ပြတဲ့မီးရထားလမ်းနှင့်ပတ်သက်ပြီးတော့ ယခင်က မြေလျော်ကြေးပေးလျော်ခဲ့ခြင်း မရှိတာစစ်ဆေးတွေ့ရှိရပါတယ်။ အဲ့ဒီအတွက်မြေလျော်ကြေးပေးနိုင်ရေးကို ကျွန်တော်တို့ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းစိစစ်ပြီးတော့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒုတိယဝန်ကြီးဖြေတာ ရှင်းပါတယ်။ ကောင်းပါတယ်။ ဘာပဲလုပ်လုပ် ကျွန်တော်တို့က Term နဲ့ Condition ကလိုပါတယ်။ ဆက်လက်ဆောင်ရွက်သွားပေးမှာဆိုတဲ့အတွက် မေးတဲ့မေးခွန်းရှင်ရော လယ်သိမ်းခံရတဲ့လယ်သမားများ၊ ပြည်သူများဟာ ဝမ်းမြောက်ဝမ်းသာဖြစ်ကြပါတယ်။ သို့ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး မြေလျော်ကြေးပေးဖို့ဆိုတဲ့နေရာမှာ အချိန်ကာလသတ်မှတ်ပြီးတော့ ဆောင်ရွက်ပေးမယ်ဆိုရင် ပိုပြီးတော့သင့်ပါတယ်။ ဒါကြောင့်မို့လို့ အခုဒီမှာ ဖြေစရာမလိုသေးပါဘူး။ ပြန်ညှိပါ။ ညှိပြီးတဲ့အခါမှာ အခု တင်ပြချက်နဲ့ပတ်သက်ပြီးတော့ မြေသိမ်းခံရတဲ့လယ်သမားများကို ဘယ်ကာလအပြီး ပြန်လည်လျော်ကြေးပေးနိုင်ရေးအတွက်ဆိုတဲ့ အဖြေထပ်လိုချင်ပါတယ်။

**ကျွဲဒတ်ဆုံကျေးရွာအုပ်စု၊ ကိုင်းရိုးကျေးရွာ၏ အခြေခံပညာမူလတန်းကျောင်းမှာ သက်တော်ဆည်နှင့်နီးပြီး အမြဲစိုစွတ်နေသောကြောင့် ဆည်နှင့်ဝေးရာနေရာသို့ ပြောင်းရွှေ့တည်ဆောက်နိုင်ရေးအတွက် ရန်ပုံငွေခွဲဝေချထားပေးနိုင်ခြင်းရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ညွန့်(သပိတ်ကျင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော် ကတော့ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညွန့်ဖြစ်ပါတယ်။ သာစည်မဲဆန္ဒနယ် ဦးသန်းစိုးရဲ့ကိုယ်စား မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ သာစည်မြို့၏အရှေ့ဘက် ၁၅ မိုင်ခန့်အကွာရှိ ကျွဲဒတ်ဆုံကျေးရွာအုပ်စုတွင်ပါဝင်သော ကိုင်းရိုးကျေးရွာ အခြေခံပညာမူလတန်းကျောင်းသည် သက်တော်တမံ(၂)၏ ရေလွှဲရေမြောင်းဘေးသို့ ရောက်ရှိသွားခြင်းကြောင်း လူနေအိမ်အချို့နှင့် စာသင်ကျောင်းမှာ အမြဲစိုစွတ်မှုဒဏ်ကို ခံစားနေရ

ခြင်းဖြစ်ပါတယ်။ ကျန်းမာရေးချို့တဲ့မှုများလည်းပဲ မကြာခဏ ဖြစ်ပေါ်နေပါတယ်။ လူနေအိမ်အချို့မှာ မိမိအစီအစဉ်နှင့် ပြောင်းရွှေ့နိုင်ခဲ့ကြသော်လည်း စာသင်ဆောင်ပြောင်းရွှေ့ရာတွင် သက်ဆိုင်ရာ ပညာရေးဌာန၏ လုပ်ထုံးလုပ်နည်း မူကြီးမှာ အခက်အခဲရှိနေပါတယ်။ ယခုအခါ ၁၀ လုံး တောင်ခြေရင်းဆည်နဲ့ ၄ ဖာလုံအကွာမှာရှိတဲ့ ရွာတန်းရှည်ရဲ့အလယ်ဗဟိုလောက်မှာ ပလပ်မြေ ၂ ဧက ကျော်ခန့်ရှိပါတယ်။ ကျောင်းသားကျောင်းသူများ၊ ဆရာဆရာမများ၊ ကျန်းမာရေးအတွက် စိုးရိမ် ကြောင့်ကြမှုမရှိစေဘဲ သင်ကြားပို့ချနိုင်ရေးအတွက် အဆိုပါမြေနေရာတွင် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးခြင်း ကျောင်းပိုင်မြေအဖြစ် သတ်မှတ်ပေးနိုင်ခြင်း အစီအစဉ်ရှိ၊ မရှိသိလိုပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

[ ဦးသန်းစိုး၊ သာစည်မဲဆန္ဒနယ်ကိုယ်စား ဦးခင်မောင်ညွှန့်၊ သပိတ်ကျင်းမဲဆန္ဒနယ်မှ မေးမြန်း ပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဘရွှေ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ ချမ်းသာကြပါစေလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါ တယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ သာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းစိုး၏ ပညာရေးကဏ္ဍဆိုင်ရာ မေးမြန်းချက်ဖြစ်တဲ့ ကွဲဒတ်ဆုံ ကျေးရွာအုပ်စု၊ ကိုင်းရိုးကျေးရွာ၏ အခြေခံပညာမူလတန်းကျောင်းမှာ သက်တော်ဆည်နှင့်နီးပြီး အမြဲစိုစွတ်နေသော ကြောင့် ဆည်နှင့်ဝေးရာသို့ ပြောင်းရွှေ့ပေးနိုင်ရေးအတွက် ရန်ပုံငွေခွဲဝေပေးနိုင်ခြင်းရှိ၊ မရှိ မေးခွန်း နှင့်ပတ်သက်၍ ကျွန်တော် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရွှေမှ ရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် ကွဲဒတ်ဆုံကျေးရွာအုပ်စု၊ ကိုင်းရိုး ကျေးရွာ၏ အခြေခံပညာမူလတန်းကျောင်းမှာ သက်တော်ဆည်နှင့်နီးကပ်ပြီး အမြဲစိုစွတ်နေသော ကြောင့် ဆည်နှင့်ဝေးရာသို့ ကျောင်းပြောင်းရွှေ့တည်ဆောက်ရေးနှင့်ပတ်သက်၍ ရွာတန်းရှည်၏ အလယ်ဗဟိုတွင်ရှိသော ပလပ်မြေ ၂ ဧကကျော်အား ကျောင်းပိုင်မြေအဖြစ် မြေစာရင်းပုံစံအမှတ် ၁၀၅ ရရှိရန် ဦးစွာဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ပြီးမှသာ ပညာရေးဝန်ကြီးဌာန

အနေဖြင့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ ရန်ပုံငွေခွဲဝေချထားပေးနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ မေးခွန်းမေးမြန်းသူ ဦးခင်မောင်ညွန့်၊ ဒုတိယဝန်ကြီးရဲ့အဖြေကိုကြားပါလား။ ဘာများ ပြောစရာရှိပါသလဲ။

**ဦးခင်မောင်ညွန့်(သပိတ်ကျွန်းမဲဆန္ဒနယ်)။** ။ ပြောစရာမရှိပါဘူး။

**စော်ဘွားအင်း ရေနုတ်မြောင်းတူးဖော်ရေးနှင့် ရေကာကျောက်စီနံရံ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တမူးမြို့အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် မြို့အတွင်း ရေကြီးရေလျှံမှုမှ ကာကွယ်ပေးနိုင်ရန် အတွက် ဒေသခံပြည်သူများရဲ့ကိုယ်စား မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့တမူးမြို့မှာရှိတဲ့ စော်ဘွားအင်းရေနုတ်မြောင်းဟာ ရေစီးရေလာ မကောင်းတော့တဲ့အတွက် ၂၀၁၁ ခုနှစ် မိုးရာသီကာလမှာ မိုးတွင်းရေလျှံမှုကြောင့် ပြည်သူများ များစွာဒုက္ခရောက်ခဲ့ကြပါတယ်။ ဒါ့ကြောင့်မို့လို့ ၂၀၁၂ ခုနှစ် မိုးမကျမီမှာ စော်ဘွားအင်းရေနုတ် မြောင်းကို တူးဖော်ဖို့အတွက် ကော်မတီတစ်ရပ်ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ကြပါတယ်။ စေတနာရှင် ပြည်သူများရဲ့ ထည့်ဝင်ငွေနှင့် အရှည်ပေပေါင်း ၁၄၀၀၀ (၂.၆ မိုင်)ခန့် တူးဖော်ခဲ့ကြပြီးတော့မှ စုစုပေါင်းငွေကျပ် ၄၁ သိန်းခန့်ကုန်ကျခဲ့ပါတယ်။ အမှန်တကယ်တော့ ပြင်ပမှ စက်များငှားရမ်းပြီး ဆောင်ရွက်မယ်ဆိုရင် အဲဒီရေနုတ်မြောင်းဟာ သိန်း ၁၀၀ ကျော်ခန့် ကုန်ကျမှာဖြစ်ပါတယ်။ သို့သော်လည်းပဲ တိုင်းဒေသကြီး အစိုးရအဖွဲ့က မြေထိုးစက်များ ကူညီပံ့ပိုးပေးခဲ့မှုတို့ကြောင့်သာ ပြည်သူများက ဆီဖိုးသာကျခံရတဲ့အတွက် ကျပ် ၄၁ သိန်းခန့်သာ ကုန်ကျခဲ့တာဖြစ်ပါတယ်။ ဒါ့ကြောင့် ၂၀၁၂ ခုနှစ် မိုးတွင်းကာလမှာ မြို့တွင်းရေကြီးရေလျှံမှုမှ ကင်းလွတ်ခြင်း၊ ယခင်ရေနစ်မြုပ်မှုခံစားခဲ့ ကြရတဲ့ တောင်သူများရဲ့လယ်ယာမြေများ ရေနစ်မြုပ်မှုမှ ကင်းဝေးခြင်း၊ ရေမရရှိတဲ့ လယ်ယာမြေများ အတွက် စိုက်ပျိုးရေများရရှိခြင်းစတဲ့ အကျိုးကျေးဇူးများ ခံစားစေကြရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား ကျွန်တော်ပြောပြခဲ့တဲ့ အဲဒီ ဆောင်ရွက်မှုတွေဟာ စော်ဘွားအင်းရဲ့ အောက်ပိုင်းအခြေအနေကိုသာ ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ စော်ဘွားအင်းရဲ့အထက်ပိုင်း မြို့တွင်းပိုင်းကိုပါ ဆက်လက်တူးဖော်သွားနိုင်မှသာလျှင် ပိုမိုစိတ်ချကောင်းမွန်တဲ့ အခြေအနေ ရရှိမှာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ နောက်ထပ်မြို့တွင်းမှာ ကျန်ရှိနေခဲ့တဲ့ ပေ ၇၀၀၀ ခန့်အရှည် တစ်နည်းအားဖြင့် ၁.၃ မိုင်ခန့်အား ဆက်လက်တူးဖော်ပေးနိုင်ဖို့နဲ့ အကယ်၍ ဖြစ်နိုင်ပါက ဘေးနံရံအား ကျောက်စီနံရံများ ဆောင်ရွက်ပေးနိုင်ဖို့အတွက် ပြည်သူများက လိုလားလျက်ရှိပါတယ်။ အဲဒီလုပ်ငန်းကိုဆောင်ရွက်မယ်ဆိုရင် မြို့နယ်ရဲ့ စည်ပင်ဘတ်ဂျက်တစ်ခုတည်းနဲ့ ဆောင်ရွက်ဖို့ဆိုတာ အင်မတန် အခက်အခဲရှိပါတယ်။ နိုင်ငံတော်အစိုးရမှ ကူညီထောက်ပံ့ပေးမှသာလျှင် အောင်မြင်စွာဆောင်ရွက်နိုင်မည်လို့လည်းပဲ ထင်မြင်ယူဆရပါတယ်။ ဒါ့ကြောင့်မို့လို့ ဒေသခံပြည်သူများရဲ့ကိုယ်စား အောက်ပါမေးခွန်းများအား မေးမြန်းအပ်ပါတယ်။

(၁) စော်ဘွားအင်းရေနုတ်မြောင်း တူးဖော်ရေးနှင့် ရေကာကျောက်စီနံရံ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိပါသလား။ (၂) ရှိပါက မည်သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ပြန်လည်ဖြေကြားပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျာ။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန (၁) မှ ဒုတိယဝန်ကြီး ဦးသန့်ရှင်း ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ကိုယ်စား ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေမေးမြန်းသည့် စော်ဘွားအင်းရေနုတ်မြောင်းတူးဖော်ရေးနှင့် ရေကာတာ ကျောက်စီနံရံဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းနှင့် ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်မှာ စော်ဘွားအင်းရေနုတ်မြောင်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မြေတူးစက်ပံ့ပိုးပြီး တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနမှ မြေတူးစက်

ရွှေ့ပြောင်းသယ်ယူစရိတ်ကျခံကာ ဒေသခံပြည်သူများမှ ကုန်ကျသော ဒီဇယ်ဆီကျခံ၍ ၂၀-၁-၂၀၁၂ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ အလျားပေ ၁၂၀၀၀၊ ပျမ်းမျှအကျယ် ၈ ပေ၊ ပျမ်းမျှအနက် ၇ ပေ အတိုင်းအတာအား ၁၄-၂-၂၀၁၂ ရက်နေ့တွင် တူးဖော်ပြီးစီးခဲ့ပြီး ဖြစ်ပါတယ်။ ဖော်ပြပါ စော်ဘွားအင်း ရေနုတ်မြောင်းသည် တမူးမြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပေအရှည် ၇၀၀၀ တည်ရှိရာ ဈေးတန်းရပ် နှင်းဆီလမ်းမှ ဇီဝကလမ်းထိပ်အထိ လမ်းဘေးရေနုတ်မြောင်းနှစ်ဖက် ၁၈၀၀ ပေ၊ ဗိုလ်ချုပ်လမ်း ပြန်ဆက်ရုံးဘေးမှ စော်ဘွားအင်းလမ်းတံတားအထိ ၉၀၀ ပေ၊ စော်ဘွားအင်းလမ်း တံတားမှ အာစီကျောင်းလမ်းတံတားအထိ ၆၈၀ ပေ၊ အာစီကျောင်းလမ်းတံတားမှ ပြည်တော်သာ လမ်းတံတားအထိ ၁၂၃၀ ပေ၊ ပြည်တော်သာလမ်းတံတားမှ မြေနီကုန်းကျောင်းအနီး ပြည်တော်သာ လမ်းဖြတ်အထိ ၁၃၇၀ ပေ၊ ပြည်တော်သာ လမ်းဖြတ်မှ မြေနီကုန်းကျောင်းအရှေ့အထိ ၁၀၂၀ ပေ၊ စုစုပေါင်း ၇၀၀၀ ပေအား ထိပ်ဝအကျယ် ၁၀ ပေ၊ အောက်ခြေအကျယ် ၄ ပေ၊ မြောင်းအနက် ၅ ပေဖြင့် ကျောက်စီရေမြောင်း ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျစရိတ် ၂၁၀၀ သိန်းကုန်ကျမည်ဖြစ်ပြီး တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဝင်ငွေမှာ ကျပ် ၁၇၇၃.၂ သိန်း သာရှိသဖြင့် စည်ပင်သာယာရေးရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါသေးကြောင်းနှင့် နိုင်ငံတော်အထောက်အပံ့ရရှိရေး ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားတင်ပြ အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**လှည်းတန်းပေ ၅၀ လမ်းပေါ်ရှိ ပျံကျဈေးသည်များအား စနစ်တကျနေရာချပေးရန်နှင့် လှည်းတန်းဈေး သစ်ကြီးအား ဈေးအင်္ဂါရပ်နှင့်အညီ ဥပဓိရုပ်သန့်ရှင်းမှုရှိအောင်ပြုပြင်ရန် အစီအစဉ် ရှိ၊ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(ကမာရွတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အခုကျွန်တော်မေးမယ့် မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ် လူအစည်ကားဆုံးရပ်ကွက်ဖြစ်တဲ့ လှည်းတန်းမှာရှိတဲ့ ပြည်သူအပေါင်းက မေးမြန်းတဲ့မေးခွန်းကို အခု ကျွန်တော် လွှတ်တော်သို့ မေးမြန်းမှာဖြစ်ပါတယ်။ မေးမြန်းမယ့်မေးခွန်းအကြောင်းကတော့ ကမာရွတ် လှည်းတန်းဈေးကြီး ပြုပြင်စဉ်က ယာယီရောင်းချခွင့်ပြုခဲ့ရာမှ ယနေ့ထက်တိုင် ရောင်းချလျက်ရှိသော ကမာရွတ်၊ လှည်းတန်း ပေ ၅၀ လမ်းပေါ်ရှိ ပျံကျဈေးသည်များအား နေရာချပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် လှည်းတန်းဈေးကြီးအား ဈေးအင်္ဂါရပ်နှင့်အညီ ဥပဓိရုပ်သန့်ရှင်းသပ်ရပ်မှုရှိအောင် အကြီးစား

ပြုပြင်ရန် အစီအစဉ် ရှိ၊ မရှိသိလိုကြောင်း စပ်လျဉ်းသည့်မေးခွန်းပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက်၊ ကမာရွတ်လှည်းတန်းဈေးကြီးပြုပြင်စဉ်က ပျံကျဈေးသည်များကို ကမာရွတ်လှည်းတန်း ပေ ၅၀ လမ်းပေါ်မှာ ယာယီရောင်းချခွင့်ပြုဖို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ခွင့်ပြုပေးထားခဲ့ပါတယ်။ အခုအခါမှာ လှည်းတန်းဈေးကြီး ဆောက်လုပ်ပြီးစီးသော်လည်းပဲ အဲ့ဒီပေ ၅၀ လမ်းပေါ်မှာရှိတဲ့ ပျံကျဈေးသည်များဟာ ယနေ့ထက် တိုင် နံနက် ၅ နာရီမှ ည ၉ နာရီခွဲ ၁၀ နာရီအထိ စည်းကမ်းမဲ့စွာ ရောင်းချလျက်ရှိကြပါတယ်။ အဲဒီ လှည်းတန်းပေ ၅၀ လမ်းမှာ လမ်းခွဲ ၁ ကစပြီး ၇ လမ်းအထိရှိတာမှာ အဲဒီလမ်းပေါ်ရှိ နေအိမ်များသို့ ပေ ၅၀ လမ်းမှ ဝင်ရောက်ရတာဖြစ်ပြီးတော့ ယခုအခါမှာ ဒီပျံကျဈေးသည်များ တစ်နေကုန်ဈေးထွက်နေတဲ့အတွက် ပိတ်ဆို့နေပြီး မော်တော်ယာဉ်များ ဝင်/ထွက်ရန် အခက်အခဲနဲ့လည်း တွေ့ကြုံနေရပါတယ်။ အဲဒီပျံကျဈေးကို အမှီပြုပြီးတော့ လှည်းတန်းလမ်းမကြီးကနေ ပေ ၅၀ လမ်းကို ဝင်တဲ့ အိမ်တွေဘက်မှာလည်းပဲ အကြော်ဆိုင်တွေ၊ ဆိတ်သားဆိုင်၊ ကုန်ခြောက်ဆိုင် ဆိုင်မျိုးစုံကျူးကျော်လျက်ရှိပြီးတော့ ဆိုက်ကားဂိတ်တွေပြုလုပ်ထားတဲ့အတွက်ကြောင့် ဒီရပ်ကွက်လမ်းကို အဝင်မှာပိတ်ဆို့ပြီး မီးဘေးအန္တရာယ်ရှိပါက မီးသတ်ကားများဝင်ဖို့လည်း အခက်အခဲကြုံတွေ့နေကြောင်း သိရပါတယ်။ နောက်တစ်ခါ ဒီပေ ၅၀ လမ်း ၁ မှ ၇ လမ်းအထိ ဆောက်ထားတဲ့အိမ်တွေကလည်း အဆင့်မြင့် ခြောက်ထပ်၊ ခုနစ်ထပ်တိုက်တွေ ဖြစ်တဲ့အတွက် ရပ်ကွက်အင်္ဂါရပ်နဲ့အညီ ဥပဓိရုပ်ကောင်းမွန်သော်လည်းပဲ ဒီလမ်းတွေကို ဝင်ရောက်ရမယ့် ယာဉ်လမ်းကြောင်းပိတ်ဆို့မှုနှင့် ဈေးသည်များ စည်းမဲ့ကမ်းမဲ့ရောင်းချမှုကြောင့် ရပ်ကွက်အင်္ဂါပျက်စီးရမည်ပြီး ရပ်ကွက်အတွင်းရှိပြည်သူများ စိတ်မချမ်းမြေ့စွာနေကြရတဲ့အကြောင်းတွေ့ရှိရပါတယ်။ကမာရွတ်မြို့နယ် စည်ပင်သာယာရေးကော်မတီမှ နံနက် ၅ နာရီမှ ၁၁ နာရီအထိ ဒီဈေးသည်တွေကို ရောင်းချဖို့ ညွှန်ကြားထားသော်လည်းပဲ ဈေးသည်တွေဟာ တစ်နေကုန်ရောင်းချလျက်ရှိပြီး ညည့်နက်ရင် ဖယောင်းတိုင်ထွန်းပြီးရောင်းတယ်။ ငါးအညှီတွေကို လမ်းမပေါ်မှာ စည်းကမ်းမဲ့စွာ သွန်တယ်။ ဒါတွေကို ရပ်ကွက်ပြည်သူတွေဟာ လူမှုဒုက္ခအပေါင်း ခံစားနေရပြီးတော့ ယခုအခါမှာ နွေရာသီရောက်တဲ့အခါမှာ မီးဘေးအန္တရာယ်ကို စိုးရိမ်နေကြတဲ့အတွက်ကြောင့် အခုရှိနေတဲ့ ပျံကျဈေးသည်များကို မည်ကဲ့သို့ စနစ်တကျနေရာချထားပေးပြီးတော့ ဒီလမ်းရပ်ကွက်ကို ဥပဓိရုပ်နဲ့အညီ၊ မြို့အင်္ဂါနဲ့အညီဖြစ်အောင် မည်ကဲ့သို့ဆောင်ရွက်မယ်ဆိုတဲ့ အစီအစဉ်ကို သိရှိလိုကြောင်း မေးမြန်းတာဖြစ်ပါတယ်။ နောက်တစ်ခုက တည်ဆောက်ထားပြီးဖြစ်တဲ့ ကမာရွတ်လှည်းတန်းဈေးကြီးဟာလည်း ယခုအခါမှာ ပတ်ဝန်းကျင်မှာ အင်မတန်မှ သစ်လွင်ကောင်းမွန်တဲ့ ဈေးကြီးတွေ၊

တိုက်တာကြီးတွေ ပေါ်နေတဲ့အချိန်မှာ ဒီဈေးကြီးဟာ လှည်းတန်းဈေးကြီးဟာ ဈေးအင်္ဂါရပ်နဲ့ မညီဘဲနဲ့ ဥပမိရုပ်လည်းပဲ မကောင်းဘဲနဲ့ သန့်ရှင်းသာယာမှု၊ သပ်ရပ်မှုနည်းပါးနေတဲ့အတွက် ဒီဈေးကြီးကို လည်းပဲ ခေတ်နဲ့အမီ အကြီးစားပြုပြင်ပေးရန်အတွက် အစီအစဉ် ရှိ၊ မရှိ သိလိုပါကြောင်း မေးမြန်း အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးရင်းမေးမြန်းသည့် မေးခွန်းကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ကျွန်တော်သမ္မတရုံးဝန်ကြီးဌာန(၁) ဒုတိယဝန်ကြီးမှ ဖြေကြားသွားမှာ ဖြစ်ပါ တယ်။ ရန်ကုန်တိုင်းဒေသကြီးတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စည်းကမ်း ကောင်းမွန်သပ်ရပ်သည့် မြို့တော်အဖြစ်ဖော်ဆောင်နိုင်ရေးအတွက် လမ်းဘေးဈေးသည်များ စနစ်တကျရောင်းချရေးအား ၂၀၁၁ ခုနှစ် ဇူလိုင်လမှစ၍ စည်းကမ်းထိန်းသိမ်းဆောင်ရွက်လျက်ရှိပါ တယ်။ မြို့တွင်း ခြောက်မြို့နယ်ရှိနံပါတ်တပ်လမ်းနှင့် လမ်းသွယ် ၁၀၀ ခန့်တွင် အချိန်ကန့်သတ်မှုမရှိ ရောင်းချခွင့်ပြုခဲ့ပြီး လမ်းမကြီး ၁၁ လမ်းနှင့် လူသွားစင်္ကြံများအပေါ်တွင် ညနေ ၃ နာရီမှ ည ၈ နာရီ ထိ ရောင်းချခွင့်ပြုထားပါတယ်။ လိုက်နာမှုမရှိသော ဈေးသည်များအား စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ များမှ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ကမာရွတ် လှည်းတန်း ပေ ၅၀ လမ်းပေါ်ရှိ ဈေးသည်များမှာ ဈေးအနောက်ဘက်လမ်းတွင် ရောင်းချနေသော ပုံကျဈေးသည်များဖြစ်ပြီး လောလောဆယ်တွင် စနစ်တကျနေရာချထားပေးရန် အစီအစဉ် မရှိသေးပါ ကြောင်းနှင့် ယင်းဈေးသည်များအား စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ စနစ်တကျရောင်းချ စေရေး သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး ဝန်ထမ်းများနှင့် လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဌာနတို့မှ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒုတိယမေးခွန်းအနေနဲ့ လှည်းတန်းဈေးတွင် ပြုပြင်ရန်လိုအပ်သည့် အမိုးများ၊ မျက်နှာကြက်များကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၅၂.၀၃ သိန်း အကုန်အကျခံပြီး ပြုပြင်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ လာမည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဈေးကြီးသန့်ရှင်းသပ်ရပ်စေရေးအတွက် ဆေးသုတ်ခြင်း၊ အမိုးများ

ပြုပြင်ခြင်းတို့ ဆောင်ရွက်ရန် ကျပ်သိန်း ၁၀၀ လျာထားပြီး ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**သမ္မတရုံးဝန်ကြီးဌာန-၁ နှင့် သက်ဆိုင်သည့် အကြောင်းအရာ ၄ ခုနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာသန်းဝင်း(မြောက်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မြောက်ဥက္ကလာပမဲဆန္ဒနယ်က ဒေါက်တာသန်းဝင်း ဖြစ်ပါတယ်။ မြောက်ဥက္ကလာမြို့နယ် ပြည်သူလူထု နှစ်ရှည်လများ ခံစားနေရတဲ့ ဒုက္ခပြဿနာများနှင့် ပတ်သက်တဲ့ မေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။ မြောက်ဥက္ကလာပမြို့နယ်ဟာ ဆိုလို့ရှိရင် ရွှေပေါက်ကံ၊ ဝေဘာဂီစတဲ့ မြို့သစ်ရပ်ကွက်များအပါအဝင် ရပ်ကွက် ၁၉ ခုနှင့်ဖွဲ့စည်းထားရှိပြီးတော့ လူဦးရေအလွန်ထူထပ်များပြားတဲ့ မြို့နယ်ကြီး တစ်ခုဖြစ်ပါတယ်။ အဲ့ဒီမြောက်ဥက္ကလာပမြို့နယ်မှာ နံပါတ် (၁) အနေနဲ့ အလွန်ကြီးမားတဲ့ ပြဿနာဖြစ်ပြီးတော့ ဆရာမနိုင် နှစ်ဆောင်ပြိုင်လို့ပြောရမယ့် ပြဿနာရပ်ကတော့ နှစ်စဉ်လိုလိုပဲ မိုးရာသီရောက်တိုင်းမှာ မြို့နယ်မှာရှိတဲ့ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ရုံးအပါအဝင် မြို့နယ်စီးပွားရေးဘဏ်၊ မြို့နယ်တရားရုံး၊ မြို့နယ်ရဲစခန်းများအပါအဝင် ရပ်ကွက်တိုင်းလိုလိုမှာ ရေကြီးရေလျှံရေဝပ်တာဖြစ်ပါတယ်။ အဲ့ဒီလို ရေကြီးပြီဆိုရင်လည်း နှစ်စဉ်လိုလိုရေကြီးတဲ့အခါမှာ ပြန်ပြီးတော့ ရေကျဖို့ဆိုရင် ၄၊ ၅ ရက်လောက်ကြာတတ်ပါတယ်။ အဲ့ဒီလို ရေကြီးတဲ့အတွက် ဘယ်လိုဆိုးကျိုးတွေ ခံစားရသလဲဆိုရင် ပြည်သူလူထုထည့်ဝင်ငွေများဖြင့် တည်ဆောက်ထားတဲ့ လမ်းများပျက်ခြင်း၊ ရောဂါဘယများဖြစ်ပွားခြင်း၊ အဲဒီရောဂါဘယဖြစ်ပွားတဲ့နေရာမှာ သွေးလွန်တုတ်ကွေးတို့၊ ငှက်ဖျားတို့၊ ဝမ်းလျှောဝမ်းပျက်ရောဂါတို့ဟာ ထိပ်ဆုံးကအဖြစ်များပါတယ်။ မြောက်ဥက္ကလာပမြို့နယ်ဟာ ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ မြို့နယ်တွေထဲမှာဆိုလို့ရှိရင် နှစ်စဉ်မိုးရာသီရောက်တိုင်း သွေးလွန်တုတ်ကွေးအဖြစ်များဆုံး မြို့နယ်ထဲမှာ တစ်ခုအပါအဝင် အဖြစ်ရပ်တည်နေပါတယ်။ အဲ့ဒီလို သွေးလွန်တုတ်ကွေး၊ ဝမ်းလျှောဝမ်းပျက်နှင့် ငှက်ဖျားရောဂါများ ပျံ့နှံ့ဖြစ်ပွားသည့် အပြင်မြို့နယ်ဘဏ်ဆိုလို့ရှိရင် မြို့နယ်စီးပွားရေးဘဏ်ပရိဝုဏ်အတွင်းမှာကိုပဲ မိုးကြီးပြီဆိုလို့ရှိရင် ရေဟာဆိုလို့ရှိရင် ပရိဝုဏ်အတွင်းထဲမှာ ဒူးဆစ်လောက်အထိ နီးပါးမြုပ်ပြီးတော့ ရုံးထဲမှာဆိုလို့ရှိရင်လည်း ခြေသလုံးမြုပ်တဲ့အထိ ရေများဝင်ရောက်တဲ့အတွက် ဘဏ်မှာလာတဲ့ သက်ကြီးရွယ်အိုများအပါအဝင် ပြည်သူလူထုဟာ ဒုက္ခများစွာနဲ့ကြုံတွေ့ရပါတယ်။ နောက်တစ်ခုဟာလည်းပဲ ဒီလိုရေတွေကြီးတဲ့အတွက် လူတွေဟာ သွားရေးလာရေးမှာလည်း အင်မတန်ဒုက္ခရောက်

ပါတယ်။ ဒါနံပါတ်(၁) ပြဿနာဖြစ်ပါတယ်။ နံပါတ် (၂) အနေနဲ့ဆိုလို့ရှိရင်တော့ တချို့ရပ်ကွက်တွေမှာ ဒေသကန်ကြီးတွေဟာ တိမ်ကောပြီးတော့ ကျူးကျော်အိမ်တွေ ဝင်ရောက်ဆောက်လုပ်ကြတယ်။ ပြီးတော့ မီးသတ်ရာမှာမီးလောင်တဲ့အခါမှာ အလွန်အသုံးဝင်တဲ့ မီးတားမြေဆိုတာ မြောက်ဥက္ကလာပမြို့ စတည်စဉ်မှာ ရှိခဲ့ပါတယ်။ အခုတော့ မီးတားမြေတွေလည်း ပျောက်ကွယ်သွားပြီးတော့ ကျူးကျော်အိမ်တွေ ဝင်ရောက်ဆောက်လိုက်တဲ့အတွက် နွေရာသီမှာ မီးရေးထင်းရေးဖြစ်မယ်ဆိုလို့ရှိရင် အခက်အခဲတွေ ဖြစ်ပေါ်လာနိုင်တာ တွေ့ရပါတယ်။ မြောက်ဥက္ကလာပမြို့နယ်မှာဆိုလို့ရှိရင် ကာရာအိုကေဆိုင်တွေ၊ အရက်ဆိုင်တွေ၊ ဂိမ်းဆိုင်တွေက အလွန်ပေါများပေမယ့် အားကစားကွင်း၊ စာကြည့်တိုက်တွေကတော့ အလွန်နည်းပါးနေတာကို တွေ့ရပါတယ်။ ရပ်ကွက် ၁၉ ခုက ရပ်ကွက်တိုင်းလိုလိုမှာ ရှိသင့်ရှိထိုက်တာကတော့ အားကစားကွင်းတို့၊ စာကြည့်တိုက်တို့ ရှိသင့်ပါတယ်။ အားကစားကွင်းတွေမရှိတဲ့အတွက် ရပ်ကွက်ထဲမှာရှိတဲ့လူငယ်တွေဟာ အများပြည်သူအသုံးပြုတဲ့လမ်းများပေါ်မှာ ဘောလုံးကန်တာတွေ၊ ဘာတွေလုပ်ရတဲ့အတွက် ပတ်ဝန်းကျင်နှင့် အနှောင့်အယှက်ဖြစ်ခြင်း၊ လမ်းသွားလမ်းလာများ ထိခိုက်မှုဖြစ်ပြီးတော့ ပြဿနာများဖြစ်ခြင်းများလည်း ပေါ်ပေါက်လျက်ရှိပါတယ်။ တတိယအချက်အနေနဲ့ မြောက်ဥက္ကလာပမြို့နယ်မှာ မူလရပ်ရှင်ရုံ ၂ ရုံရှိပေမယ့် ယခုအခါမှာတော့ ရုပ်ရှင်ရုံတစ်ရုံမှ မရှိတော့တာတွေ့ရပါတယ်။ နံပါတ် (၄) အချက်အနေနဲ့ လျှပ်စစ်မီးနှင့်ပတ်သက်လို့ကတော့ မြောက်ဥက္ကလာပမြို့နယ်မှာ ယခင်ကထက်စာရင် အများကြီးတိုးတက်လာပေမယ့် ရပ်ကွက်အချို့မှာ လျှပ်စစ်မီးတွေ မလုံလောက်တာကို တွေ့ရှိရပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ အခုအထက်ကတင်ပြသွားတဲ့ ပြဿနာရပ်များနှင့်ပတ်သက်ပြီးတော့ ၂၀၁၁ ခု ကာလကတည်းက မြို့နယ်အတွင်းမှာ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပေမယ့် ထူးခြားမှုမရှိပါဘူး။ အထူးသဖြင့်တော့ ရေကြီးတဲ့ကိစ္စဟာဆိုလို့ရှိရင် ကျွန်တော်တို့ သွားရောက်ပြီးတော့ ရပ်ကွက်လူထုနှင့် စည်ပင်သာယာအုပ်ချုပ်ရေးမှူးဟာ သွားရောက်ညှိနှိုင်းတဲ့အခါမှာ စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှာ ရေတွေကြီးနေတဲ့အတွက် ရေတွေကို ကျော်ပြီးသွားရပါတယ်။ မြို့နယ်အတွင်းဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်လို့ ထူးခြားမှုမရှိတဲ့အတွက် ယခုကဲ့သို့ ပြည်သူ့လွှတ်တော်မှာ တင်ပြရခြင်းဖြစ်ပြီးတော့ မြို့နယ်ပြည်သူလူထု နှစ်ရှည်လများခံစားနေရသော ရေကြီးတဲ့ကိစ္စအပါအဝင် ဘက်စုံလိုအပ်ချက်များသက်သာလျော့ပါးအောင် သက်ဆိုင်ရာများမှ မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်းမေးမြန်းသည့် မေးခွန်းများကို သမ္မတရုံးဝန်ကြီးဌာန-၁ ဒုတိယဝန်ကြီး ကျွန်တော်မှ ရန်ကုန်တိုင်းအစိုးရအဖွဲ့၏ ကိုယ်စား ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ မေးခွန်း(၁) အနေနဲ့ မြောက်ဥက္ကလာပမြို့နယ်အတွင်း နှစ်စဉ်ရေကြီးရေလျှံမှုမှ ကင်းလွတ်စေရန်အတွက် သုနန္ဒာချောင်း ပိုက် ၅လုံးတံတားအား ချဲ့ထွင်ပေးခြင်းနှင့် ရေတံခါးများတပ်ဆင်ပေးခြင်း ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ရွှေလှေချောင်း ရေတံခါးမူလ ၃ ပေါက်မှ ၂ ပေါက်ထပ်မံတိုးချဲ့၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မေဓာဝီလမ်းနှင့် ခေမာသီလမ်းတို့တွင်လည်း ရေထုတ်ပြွန်များ ထပ်မံဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။ ရေစီးရေလာကောင်းမွန်စေရေးအတွက် သုနန္ဒာချောင်း၊ ရွှေလှေချောင်းတို့အား စက်ယန္တရားဖြင့်တူးဖော်ခြင်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်တဲ့အပြင် ရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက်လည်း စဉ်ဆက်မပြတ်ရှင်းလင်းပေးလျက်ရှိပါတယ်။ ကျန်းမာရေးအပိုင်းအနေနဲ့ သွေးလွန်တုတ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ဖွားသော Aedes ခြင်မှကူးစက်ဖြစ်ပွားပြီး ငှက်ဖျားရောဂါသည် တောတောင်စိမ့်စမ်းများတွင်ရှိသော Anopheles ခြင်များကြောင့် ရောဂါရှိသူများမှ ကူးစက်တတ်သော ရောဂါများဖြစ်ပါတယ်။ ဝမ်းပျက်ဝမ်းလျှောရောဂါသည် မသန့်ရှင်းသော အစားအသောက်နှင့် ရေများတွင်ပါဝင်သော ဘက်တီးရီးယားပိုးနှင့် ကပ်ပါးပိုးများကြောင့် ဖြစ်ပွားတတ်ပါတယ်။ ရပ်ကွက်များတွင် ရေကြီးခြင်း၊ ရေလွှမ်းမိုးခြင်းကြောင့် ရေဝပ်မှုများဖြစ်ပေါ်၍ ခြင်ပေါက်ဖွားမှုနှုန်း များပြားလာပြီး သွေးလွန်တုတ်ကွေးနှင့် ငှက်ဖျားရောဂါကူးစက်ဖြစ်ပေါ်နိုင်သလို သောက်သုံးရေ၊ အစားအသောက်မသန့်ရှင်း၍ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပေါ်နိုင်ပါတယ်။ နေအိမ်များတွင်လည်း ရေသိုလှောင်ရာ ရေစည်၊ ရေကန်၊ ရေအိုးများကို အဖုံးလုံခြုံစွာအုပ်ထားခြင်းမရှိသောကြောင့်လည်း Aedes ခြင်များပေါက်ဖွား၍ သွေးလွန်တုတ်ကွေးဖြစ်ပွားလာနိုင်ပါတယ်။ ရောဂါဖြစ်ပွားမှု သက်သာလျော့ပါးစေရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ လစဉ်ခြင်ဆေးမှုတ်ခြင်း၊ ခြင်လောက်လန်းများ မပေါက်ဖွားစေရန်အတွက် ရပ်ကွက်များတွင် Abate ဆေးခပ်ခြင်းများ ဆောင်ရွက်လျက်ရှိပါ

တယ်။ ဖုံး၊ သွန်၊ လဲ၊ စစ် ခေါင်းစဉ်ဖြင့် ပညာပေးဟောပြောပွဲများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ သို့သော်လည်း မြောက်ဥက္ကလာပတွင်နေထိုင်သည့် ပြည်သူများအနေနဲ့ ကျန်းမာရေးပညာပေး ဟောပြောပို့ချချက်များကို လိုက်နာမှုအားနည်းနေကြောင်းလည်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ဝမ်းပျက်ဝမ်းလျှောရောဂါအတွက် လျော့ပါးစေရန် ယင်လုံအိမ်သာများကို ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ပို၍ဆောက်လုပ်နိုင်ရန် အစီအစဉ်ပြုလုပ်ပေးခြင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန တို့ပူးပေါင်း၍ ပညာပေးဟောပြောမှုများ ပိုမိုဆောင်ရွက်ပေးနေပြီ ဖြစ်ပါတယ်။ ထို့အပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနမှလည်း Abate ဆေးခပ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်း၊ ခြင်ထောင်စိမ်ဆေးရေထုတ်များ ဖြန့်ဝေခြင်းတို့ကို မြောက်ဥက္ကလာပမြို့နယ်အား ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ မြောက်ဥက္ကလာပမြို့နယ်ဟာ ၁၉၅၈ ခုနှစ် အိမ်စောင့်အစိုးရ လက်ထက်တွင် စတင်တည်ထောင်ခဲ့သည့် မြို့သစ်မြို့နယ်ဖြစ်ပါသည်။ ယခင်က ရန်ကုန်မြို့၏ ကျူးကျော်အိမ်များကို ရှင်းလင်း၍ နေရာချထားပေးမှုကြောင့် ပေါ်ပေါက်လာခဲ့သည့်မြို့နယ်လည်း ဖြစ်ပါတယ်။ မြို့သစ်တည်ထောင်ကာစက ရန်ကုန်မြို့ကို ဝန်းရံနေသည့် မြို့ပြင်မြို့နယ်ဖြစ်သော်လည်း ယခုအခါ စီးပွားရေး၊ လူမှုရေး၊ ပညာရေးအခွင့်အလမ်း ဖွံ့ဖြိုးသည့် မြို့နယ်တစ်ခုဖြစ်လာခဲ့ပါတယ်။ ကျေးလက်ဒေသမှ ရွှေ့ပြောင်းရောက်ရှိလာသူများ အခြေပြုရာမြို့နယ်တစ်ခုလည်း ဖြစ်ပါတယ်။ မြို့သစ်များ တည်ထောင်ခဲ့ရာတွင် မီးတားကွင်းများ၊ ကွက်လပ်များ၊ ကစားကွင်းများနှင့် အခြားသော မြို့ပြအခြေခံအဆောက်အဦများ ထည့်သွင်းတည်ဆောက်ခဲ့သည့်အတွက် ယင်းနေရာများသည် ကျူးကျော်နေထိုင်သူများ အလွယ်တကူ ကျူးကျော်နေထိုင်နိုင်သည့် အခြေအနေကောင်းတစ်ရပ် ဖြစ်လာခဲ့ပါတယ်။ ကျူးကျော်မှုများအား စိစစ်ရာတွင် လမ်းထောင့်ရှိ မြေပိုရရှိသော မြေကွက်များအား စိတ်ပိုင်းရောင်းချပြီး ပိုသည့်မြေပေါ်တွင် အိမ်ဆောက်နေထိုင်သည့် ပုဂ္ဂလိကကျူးကျော်များ မီးတားကွင်းများ၊ ကွက်လပ်များသည့် မြေကွက်လပ်များပေါ်တွင် ပျံ့ကျဈေးဆိုင်ရောင်းချရာမှ တဖြည်းဖြည်းအခိုင်အမာကျူးကျော်ခြင်းများ၊ ဘုန်းကြီးကျောင်း၊ အစိုးရကျောင်းများဘေးတွင် ကျူးကျော်ခြင်းများအပြင် ကွက်လပ်အချို့တွင် အလွယ်တကူ ကျူးကျော်နေထိုင်ခြင်းများစသည့် ပုံစံအမျိုးမျိုးတွေ့ရှိရပါတယ်။ မြောက်ဥက္ကလာပမြို့နယ်တွင် ရပ်ကွက်ပေါင်း ၁၉ ရပ်ကွက်ရှိရာ ၁၈ ရပ်ကွက်တွင် စုစုပေါင်း ကျူးကျော်အိမ်ခြေ ၂၄၀၀၊ လူဦးရေ ၁၂၂၇၅ ဦး၊ အကျယ်အဝန်းခန့်မှန်း ၈.၈၇

ဧကေခန့်ရှိကြောင်း အခြေခံစာရင်းအရ သိရှိရပါတယ်။ ထို့အပြင် မြောက်ဥက္ကလာပမြို့နယ်တွင် မီးသတ်ရေကန် ၂၂ ကန်နှင့် ရွှေပေါက်ကန်တွင် ၇ ကန် စုစုပေါင်း မီးသတ်ရေကန် ၂၉ ကန်ရှိပါတယ်။ အဆိုပါ မီးသတ်ရေကန်အချို့၏ ကန်ပေါင်များတွင်လည်း ကျူးကျော်မှုအချို့ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်များအား ချိုးဖောက်သူ၊ ကျူးကျော်မှုများကို ဥပဒေနှင့်အညီ စည်ပင်သာယာတရားရုံးများတွင် တရားစွဲဆို အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ တရားစွဲဆိုအရေးယူရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ ၁၁/၉၀ ဥပဒေပုဒ်မ ၂၈၊ ၂၉၊ ၃၀၊ ၃၁ တို့တွင် ဖော်ပြပါရှိသည့်ဒဏ်ငွေသည် ခေတ်ကာလနှင့် မလျော်ညီနိုင်တော့တဲ့အတွက် ၁၄-၁၁-၂၀၁၁ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဥပဒေအား ဒဏ်ငွေပြင်ဆင်သတ်မှတ်ပေးခဲ့ပါတယ်။ မြောက်ဥက္ကလာပမြို့နယ်တွင် ဒဏ်ငွေမပြင်ဆင်မီ ကျူးကျော်မှု ၇၇ မှု တရားစွဲဆိုခဲ့ရာ ဒဏ်ငွေပြင်ဆင်ပြီး နောက်ဥပဒေကို လိုက်နာဖျက်သိမ်းဖယ်ရှားသွားသဖြင့် အမှုပိတ်သိမ်းမှု ၃၉ မှု၊ ကော်မတီမှ ဖြေလျော့ပေးသည့်အမှု ၁၁ မှု၊ တရားခံပြေး ၈ မှု ရှိခဲ့ပြီး ယခုအခါလက်ကျန်အမှု ၁၉ မှု ကျန်ရှိပါတယ်။ မီးသတ်ရေကန်အားလုံးမှာ မီးသတ်ရေကန်အဆင့် သုံးစွဲနိုင်သော ကန်များဖြစ်ပြီး အနည်းငယ်တိမ်ကောနေသော မီးသတ်ကန်များကိုလည်း မိုးရာသီရေသိုလှောင်နိုင်ရေးအတွက် စီမံချက်ချပြင်ဆင်သွားရန် လိုအပ်လျက်ရှိသဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ယင်းမီးသတ်ကန်များအနက်ငါးကန်မှာ ခြံစည်းရိုးကာရံထားသော ကန်များဖြစ်ပြီး ကျန်မီးသတ်ကန်များမှာ ခြံစည်းရိုးကာရံထားသော ကန်များဖြစ်ပြီး ကျန်မီးသတ်ကန်များမှာ ခြံစည်းရိုးကာရံထားခြင်း မရှိပါ။ အလားတူ ခရိုင်လေးခရိုင်အတွင်းရှိ မီးသတ်ကန် ၃၆၀ ကန် ရှိပြီး အရှေ့ပိုင်းခရိုင်အတွင်းရှိ သဃ်န်းကျွန်းမြို့နယ် ဦးဘဟန်လမ်း လက်ဆည်ကန်အား ခြံစည်းရိုးကာရံမှုလုပ်ငန်း ဆောင်ရွက်ခြင်း၊ တောင်ပိုင်းခရိုင်အတွင်းရှိ ဆိပ်ကြီးခနောင်တိုမြို့နယ်မှ သောက်သုံးရေကန်နှစ်ကန်အား ဆယ်တင်ဆောင်ရွက်ခြင်း၊ အောင်မင်္ဂလာကန်အား ဒိုက်မှော်ဆယ်ခြင်း၊ သာကေတမြို့နယ်ရှိ ၆ လုံးပြူးကန်အား ဒိုက်မှော်ဆည်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ အခြားမီးသတ်ကန်များကိုလည်း ဆက်လက်၍ မီးသတ်ရာတွင် အသုံးပြုနိုင်ရေးအတွက် လိုအပ်သည်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥပဒေ၊ နည်းဥပဒေများကိုလည်း ပိုမိုထိရောက်စွာရှိစေရန် ပြင်ဆင်ရေးဆွဲလျက်ရှိပါတယ်။ ယခုအခါ မြို့နယ်အသီးသီးတွင် နှစ်ကာလကြာမြင့်စွာကတည်းက အခြေတည်ခဲ့သည့် ကျူးကျော်များအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက

ကျူးကျော်စာရင်းမှတ်တမ်းထားရှိပြီး ဥပဒေနှင့်အညီ ရှင်းလင်းဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန မြောက်ဥက္ကလာပမြို့နယ်အတွင်း တာဝန်ယူကြီးကြပ်ကွပ်ကဲဆောင်ရွက်လျက်ရှိသည့် အားကစားကွင်းစုစုပေါင်း ခုနစ်ကွင်းရှိပြီး ဧရိယာစတုရန်းပေ ၁၅၅၇၅၀ (၃.၆ ဧက) ခန့်ရှိပါတယ်။ ၎င်းအားကစားကွင်းများသည် နွေမိုးဆောင်းကစားနိုင်သည့် ကစားကွင်းများ ဖြစ်ပြီး မြို့နယ်အတွင်း ရပ်ကွက်ပေါင်း ၁၉ ခုရှိရာ ကစားကွင်း ခုနစ်ကွင်းရှိသဖြင့် အချိုးအစားအားဖြင့် ၃း၁ ဖြစ်ပြီး ရပ်ကွက်သုံးခုလျှင် ကစားကွင်းတစ်ကွင်းနှုန်း တည်ရှိနေပြီးဖြစ်ပါတယ်။ အဆိုပါကွင်းများအနက် အာသာဝတီကစားကွင်း၊ သုနန္ဒာကစားကွင်းများမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း အဆင့်မြင့်လုပ်ငန်းများဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ လက်ရှိအားကစားကွင်းများကိုလည်း ဘဏ္ဍာငွေကြေးပေါ်မူတည်၍ အဆင့်မြှင့်တင်ခြင်းများအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ မြောက်ဥက္ကလာပမြို့နယ်တွင် ရပ်ကွက် ၁၉ ရပ်ကွက်ရှိပြီး၊ ယင်း ၁၉ ရပ်ကွက်များမှ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ထူထောင်ခဲ့ပြီးဖြစ်သော်လည်း ယခုရှင်သန်၍ စံငါးချက်နဲ့ညီသော စာကြည့်တိုက်များနှစ်ခုသာရှိပါတယ်။ ယင်းစာကြည့်တိုက်များမှာ ၈ ရပ်ကွက် ဓမ္မရောင်ခြည်ဦးစာကြည့်တိုက်၊ ရွှေပေါက်ကံရပ်ကွက် လူငယ်အားမန်-သုတဘဏ်စာကြည့်တိုက်များဖြစ်ပါတယ်။ သီးခြားပုဂ္ဂလိက စာကြည့်တိုက်များအနေဖြင့် ပါရဂူရှန်တီနိကေတန် စာကြည့်တိုက်နှင့် Brave Heart စာကြည့်တိုက်များလည်း ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါတယ်။ ရပ်ကွက်စာကြည့်တိုက်အသီးသီးတွင် မြေနေရာအခက်အခဲရှိခြင်း၊ ရန်ပုံငွေအခက်အခဲရှိခြင်းနှင့် စာကြည့်တိုက်အပေါ် အချိန်ပြည့်ဂရုစိုက်ဆောင်ရွက်မည့် ကော်မတီ၊ စာကြည့်တိုက်ဝန်ထမ်းမရှိသည့်အတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် တွဲဖက်ဖွင့်လှစ်ထားရပါတယ်။ ရပ်ကွက်စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးမှာ အဆောက်အဦ၊ ပရိဘောဂ၊ စာအုပ်၊ အလှူရှင်များရှိရန် လိုအပ်သည့်အပြင် ယင်းစာကြည့်တိုက်ကို စေတနာထက်သန်စွာ လုပ်ကိုင်ဆောင်ရွက်မည့် စာကြည့်တိုက်ကော်မတီနှင့် စာကြည့်တိုက်မှူးရှိမှသာ ရှင်သန်ဖွံ့ဖြိုးမည်ဖြစ်ပါတယ်။ မြောက်ဥက္ကလာပ ၁၉ ရပ်ကွက်တွင် ၁၇ ရပ်ကွက်မှာ အပိုဒ် ၁၁ နှင့် အပိုဒ် ၁၂ ပါဖော်ပြချက်များနှင့်ကိုက်ညီနေသည့် စာကြည့်တိုက်များ ဖြစ်၍ အားနည်းခြင်းဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

မေးခွန်းနံပါတ်(၃) အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်တွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ စီမံခန့်ခွဲရသော ရုပ်ရှင်ရုံနှစ်ရုံရှိခဲ့ပြီး အဆိုပါရုပ်ရှင်ရုံနှစ်ရုံ၏

အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။ ရွှေလမင်းရုပ်ရှင်ရုံမှာ ပုဂ္ဂလိကပိုင်စီးပွားရေးလုပ်ငန်းကို ဖော်ဆောင်နိုင်ရန်အတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်မှ ၂၀၀၀ ပြည့်နှစ်တွင် ၎င်းကော်မတီ၏ အမိန့်အမှတ်ဖြင့် ဦးအောင်နိုင်ဦးအား ရောင်းချဈေးနှုန်း ကျပ် ၂၄.၀၅၀ သန်းဖြင့် ရောင်းချခဲ့ပါတယ်။ ဝယ်ယူသူ၏ တင်ပြချက်အရ ၁၀-၆-၂၀၀၂ ရက်နေ့တွင် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် ၏ အမိန့်ဖြင့် လူနေအိမ်ရာအဖြစ်အသုံးပြုရန် ခွင့်ပြုခဲ့သောကြောင့် ရွှေလမင်းရုပ်ရှင်ရုံသည် ရုပ်ရှင်လုပ်ငန်းလုပ်ကိုင်ခြင်းမှ အခြားစီးပွားရေးလုပ်ငန်းသို့ ပြောင်းလဲလုပ်ကိုင်လျက်ရှိသဖြင့် ရုပ်ရှင်ရုံပျောက်ခဲ့ပါတယ်။ မင်းရန်အောင်ရုပ်ရှင်ရုံမှာ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းကို ဖော်ဆောင်နိုင်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်အရ ၁-၁၀-၂၀၀၀ ရက်နေ့မှအစပြု၍ လျှောက်ထားလာသူ ဦးဘရွှေအား ကနဦး ၁၀ နှစ်နှင့်နောက်ထပ် ၅ နှစ် တစ်ကြိမ် စုစုပေါင်း ၁၅ နှစ်အတွက် နှစ်ရှည်ငှားရမ်းခဲ့ပါတယ်။ နှစ်ရှည်ငှားရမ်းသည့် ရုပ်ရှင်ရုံများသည် ရုပ်ရှင် သို့မဟုတ် ဗီဒီယို Projector ဖြင့် ပြသနိုင်သည့် ရုပ်ရှင်ကားများကို ပြည်သူလူထုသို့ပြသခြင်းအားဖြင့် ဖျော်ဖြေရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် မြန်မာ့ရုပ်ရှင်လုပ်ငန်းများအနေဖြင့် ရုပ်ရှင်ရုံလိုင်စင်၊ ဗွီဒီယို Projector ဖြင့် ပြသခြင်းလုပ်ငန်းလိုင်စင်များ ထုတ်ပေးထားရှိပြီးဖြစ်ပါတယ်။ ရုပ်ရှင်ရုံငှားရမ်းသူများအနေဖြင့် ရုပ်ရှင်ဇာတ်ကားရရှိမှုအပေါ်တွင်မူတည်၍ ရုပ်ရှင်ဇာတ်ကားပြသခြင်းကို လုပ်ဆောင်ရသဖြင့် ရုပ်ရှင်ဇာတ်ကားစဉ်ဆက်မပြတ် ပြသရန်မှာ ရုပ်ရှင်ဇာတ်ကားထုတ်လုပ်မှုနှင့် ရရှိမှုအခြေအနေပေါ်တွင် မူတည်ပါတယ်။ သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်တွင် ရုပ်ရှင်ရုံနှစ်ရုံရှိခဲ့ရာမှ ရုပ်ရှင်ရုံတစ်ရုံသာ ရုပ်ရှင်ပြသခြင်းလုပ်ငန်းများ ဆောင်ရွက်ဆဲ ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။

နံပါတ်(၄) မေးခွန်းအနေဖြင့် မြောက်ဥက္ကလာပမြို့နယ်သို့ မြောက်ဥက္ကလာပမြို့နယ်ရုံးခွဲရုံ 33/11 KV, 20 MVA ထရန်စဖော်မာ တစ်လုံး 33/11 KV, 10 MVA ထရန်စဖော်မာတစ်လုံးနှင့် စိန်ပန်းမြိုင်ခွဲရုံ 33/6.6 KV, 5 MVA ခွဲရုံ တို့မှ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါတယ်။ စုစုပေါင်း တပ်ဆင်အင်အားမှာ 35 MVA(28 MW)ရှိပြီး လက်ရှိမြောက်ဥက္ကလာပမြို့နယ်တစ်ခုလုံး၏ သုံးစွဲဝန်အားမှာ စုစုပေါင်း 17.72 MW သာရှိသဖြင့် ပင်မဓာတ်အားခွဲရုံမှ ဓာတ်အားနိုင်နင်းစွာ ဖြန့်ဖြူးနိုင်ပါတယ်။ မြောက်ဥက္ကလာပမြို့နယ်နေ ပြည်သူများအား စုစုပေါင်းထရန်စဖော်မာ ၁၇၄ လုံးဖြင့် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပြီး ပြည်သူများသို့ ဓာတ်အားဖြန့်ဖြူးပေးထားသော ၄၀၀ ဗို့ဓာတ်အားလိုင်းများမှာ ၁၉၆၂ ခုနှစ် မြို့သစ်စတင်တည်ထောင်ကတည်းက တည်ဆောက်ထားသဖြင့် ပြည်သူများ

၏ တိုးတက်သုံးစွဲလာသော ဓာတ်အားပမာဏနှင့် ကိုက်ညီအောင် အချို့သော ဓာတ်အားလိုင်းများကို ပြုပြင်တည်ဆောက်ပေးရမည်ဖြစ်သော်လည်း ဘဏ္ဍာငွေရရှိမှုအရ တစ်ပြိုင်တည်းဆောင်ရွက်ပေးနိုင်ခြင်းမရှိပါ။ သို့ဖြစ်ပါ၍ ရပ်ကွက်အချို့နေရာများတွင် ဗို့အားကျဆင်းမှုများ ရှိနေသေးကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဗို့အားပြည့်ဝစွာရရှိရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် မြောက်ဥက္ကလာပမြို့နယ်တွင် 11/0.4 KV, 300 KVA ထရန်စဖော်မာမှ 500 KVA ထရန်စဖော်မာသို့ ပြောင်းလဲတည်ဆောက်ခြင်း၊ 11/0.4 KV, 500 KVA ခွဲရုံ တိုးချဲ့တည်ဆောက်ခြင်း၊ ၄၀၀ ဗို့အားဓာတ်အားလိုင်းများ၊ ၁၁ ကေဗွီဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ခြင်း၊ မကောင်းတော့သည့် သစ်သားတိုင် ၅၀၀ ကျော်အား ကွန်ကရစ်တိုင်များဖြင့် လဲလှယ်ပေးခြင်းစသည် လုပ်ငန်းများကို ဘဏ္ဍာငွေကျပ်သန်းပေါင်း ၁၅၀ ကျော်လျာထားပြီး အပြီးဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ နောင်နှစ်များတွင်လည်း ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ လျှပ်စစ်မီးလုံလောက်စွာ ရရှိရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးပါပြီ။

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ၃၅ မိနစ်ခန့် ရပ်နားပါမယ်။

**အချိန်၊ ၁၀း၅၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး အစည်းအဝေးခန်းမအတွင်းမှ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[အစည်းအဝေးကို ၃၅ မိနစ်ခန့် ရပ်နားပါသည်။]**

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးအောင်သောင်း၊ တောင်သာမဲဆန္ဒနယ်က ရေရှားပါးသောဒေသများရှိ ကျေးလက်ပြည်သူများ၏ စီးပွားရေး၊ လူမှုရေးဘဝသင့်တင့်စွာရရှိရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အထောက်အကူပြု ဖြစ်စေရန် ပြုပြင်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေ၊ သောက်ရေ၊ သုံးရေရှားပါး ခက်ခဲနေသည့် ခြေအနေအားလုံးကို သိရှိပြုပြင်ဆောင်ရွက်နိုင်ရန် အထူးအဖွဲ့များ စေလွှတ်စုံစမ်း၍ တွေ့ရှိချက်များအပေါ် နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်း ဆောင်ရွက်ရန် တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်း အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးအောင်သောင်း(တောင်သာမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာပါစေလို့ ဆုမွန်ကောင်းပို့ သရင်းဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တင်သွင်းမယ့် အဆိုကတော့ စိုက်ပျိုးရေး၊ သောက်ရေ၊ သုံးရေလုံလောက်စွာရရှိရေးအတွက် ရေရှားပါးခက်ခဲသော အညာဒေသများသို့ အထူးအဖွဲ့များစေလွှတ်လေ့လာစေရန်နှင့် တွေ့ရှိချက်အပေါ် အစိုးရမှ ဖြည့်ဆည်း ဆောင်ရွက်ပေးရန်အဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ် အချို့မှာ မိုးခေါင်ခြင်း၊ မိုးရွာသွန်းမှုနည်းပါးခြင်း၊ ရေလုံလောက်မှုမရှိခြင်းတို့ကြောင့် စိုက်ပျိုးနိုင်ခြင်းမရှိဘဲနဲ့ သီးနှံများမထွက်၍ စားဝတ်နေရေးခက်ခဲခြင်း၊ ဆင်းရဲနွမ်းပါးမှုများ ပိုမိုခံစားနေရကြောင်း တွေ့ရှိရပါတယ်။ မိုးရေကိုသီးသန့်ထား၍ မိုးကောင်းသောက်ဒေသများမှာဆိုရင် ပုံမှန်မိုးမရွာခြင်း၊ မိုးရရှိမှု နည်းပါးခြင်း၊ မိုးလုံးဝမရွာခြင်းတို့ကြောင့် စိုက်ပျိုးရန်အခက်အခဲများလည်းပဲ ကြုံတွေ့နေရပါတယ်။ မြစ်ရေတိမ်ဒေသများမှာလည်း လျှပ်စစ်မီးအခက်အခဲ၊ လျှပ်စစ်မီးပြတ်တောက်ခြင်း၊ လျှပ်စစ်မီးပုံမှန် မလာခြင်းတို့ကြောင့် သုံးသီးစိုက်ပျိုးရမယ်လို့ လျာထားချက်အစား နှစ်သီးပင်မစိုက်ပျိုးနိုင်ဘဲနဲ့

ဝင်ငွေနည်းပါးပြီး စားဝတ်နေရေး၊ လူမှုရေးကိစ္စများလည်း အခက်အခဲ ဖြစ်နေကြောင်းတွေ့ရှိရပါတယ်။ ဆည်ရေသောက် စိုက်ပျိုးမြေများမှာလည်း ဆည်မြောင်းများတည်ဆောက်ပြီးစီးသော်လည်းပဲ ရေပေးမြောင်းအဆင့်ဆင့်မပြီးစီးသေး၍ သော်လည်းကောင်း တည်ဆောက်ပြီးသွားသော်လည်းပဲ ပြုပြင်ထိန်းသိမ်းမှုအားနည်း၍ မြောင်းများကျိုးပေါက်ပျက်စီးနေ၍ လိုရာကိုရေမရောက်၊ မလိုသောနေရာများကို ရေများရောက်ရှိပြီး စိုက်ပျိုးမှုကို ထိထိရောက်ရောက် မဆောင်ရွက်နိုင်ကြောင်းကိုလည်း တွေ့ရှိရပါတယ်။ အထူးသဖြင့် ဤအခက်အခဲများသည် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း ဒေသကြီးများမှာ ပိုမိုဖြစ်ပေါ်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ သောက်ရေသုံးရေ ရရှိရေးအတွက်လည်းပဲ မြစ်နားချောင်းနားအနီးမှာ တည်ရှိတဲ့ ကျေးလက်လူထုအနည်းစု ၃၀ ရာခိုင်နှုန်းခန့် အတွက်သာ အဆင်ပြေနိုင်သော်လည်းပဲ လူဦးရေ ၇၀ ရာခိုင်နှုန်းမျှနေထိုင်တဲ့ ကျေးရွာအများစုမှာ မြစ်ဝေးချောင်းဝေး ကုန်းတွင်းဒေသများသာဖြစ်သည့်အတွက် အဆိုပါကျေးရွာများရှိ လူထုအဖို့ သောက်ရေသုံးရေ ရရှိရေးအတွက် နေ့စဉ်မလုပ်မဖြစ် လုပ်ငန်းကြီးတစ်ခုအဖြစ် ဝန်ထုပ်ဝန်ပိုးကြီးမားစွာဖြင့် စီစဉ်ဆောင်ရွက်နေရပါတယ်။ မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးများအတွင်းမှာ အချို့ဒေသများမှာ နှစ်မိုင်သုံးမိုင်မှ လေးမိုင် ငါးမိုင်အထိ ဝေးသောနေရာများသို့ လူတစ်ဦး၊ နွားတစ်ရှဉ်း၊ လှည်းတစ်စီး၊ ရေတစ်စည်နှင့် နေ့စဉ်မလုပ်မဖြစ်အလုပ်တစ်ခုလို သွားရောက်ပြီးတော့မှ ရေရရှိရေးအတွက် ဆောင်ရွက်လျက် ရှိကြပါတယ်။ လက်တွေ့အားဖြင့် မကွေးတိုင်းဒေသကြီးတချို့မှာ ကျေးရွာများမှာဆိုလျှင် ကျွဲနွားများအတွက်သောက်သုံးရေကိုပင် အခက်အခဲရှိလွန်းလှသဖြင့် နွားစားကျက်ပေါ်မှာ လူတွေရေချိုးပြီးတော့မှ ရေတက်ချိုးပြီးတော့မှ ကျန်တဲ့ရေကို ကျွဲနွားများသောက်သုံးရေအဖြစ် ထပ်မံအသုံးပြုရတဲ့ အခြေအနေရှိပါတယ်။ အချို့ဒေသများမှာ အလွန်ဝေးကွာသောပြင်ပနေရာများသို့ သဲချောင်းမြေများကို ယက်ယူပြီးတော့မှ စစ်ရေကို ရေမှုတ်ကလေးဖြင့် ခပ်ယူရတဲ့အခါ ရေတစ်အိုးပြည့်ဖို့အတွက် အချိန်ကြာမြင့်စွာ ခပ်ယူရပါတယ်။ ဤအဖြစ်အပျက်ဟာဆိုလို့ရှိရင် မဗေဒါရေခပ်သည်ထက်တောင် ပိုမိုအချိန်ပေးရသည်များလည်း တွေ့ရှိနေရပါတယ်။ အထူးသဖြင့် ရေရရှိရေးအတွက်ကို ကလေးများကိုပါ ခိုင်းစေနေရသဖြင့် ကျောင်းပညာရေးပါ ထိခိုက်လာတာကိုလည်း တွေ့ရှိရပါတယ်။ အချို့ဒေသများမှာ သန့်ရှင်းသောရေမရရှိသဖြင့် ကျေးရွာလူထုကျန်းမာရေးထိခိုက်ခြင်း၊ ကူးစက်ရောဂါများခံစားရခြင်း၊ တီဘီနှင့် အနာကြီးရောဂါ၊ မျက်စိရောဂါစသည်ဖြင့် အများအပြားဖြစ်ပွားခြင်းအထိ ကျန်းမာရေးပိုင်းတွေမှာ အခက်အခဲများစွာ ကြုံတွေ့လာရကြောင်း တွေ့ရှိရပါတယ်။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ

အချို့ကျေးရွာကျေးလက် ဒေသများမှာ ရေရှားပါးလွန်းသဖြင့် ရေကိုမမြင်ရဘဲ ဖုန်၊ သဲ၊ တံလျှပ်များကိုသာ အများဆုံးမြင်တွေ့နေရပါတယ်။ ရေရရှိရေးအတွက် ဂါလန်တစ်ထောင်ဆိုလျှင် ပျမ်းမျှငွေ ၆၅၀၀ ကျပ်လောက်အထိ ဝယ်ယူအသုံးပြုနေရပါတယ်။ စီးပွားရေးကိုလည်း ထိခိုက်လာပါတယ်။ နောက်ဆက်တွဲအဖြစ် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးများပါ အခက်အခဲများကြုံတွေ့လာရတဲ့ အခြေအနေရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရေရှားပါးလွန်းသော နေရာများမှာ ရေရရှိရေးအတွက် ပေ ၁၀၀၀ ကျော်နက်သည်အထိတူးဖော်မှသာ ရေရရှိရတဲ့ အခြေအနေရှိတဲ့ အတွက် ငွေကြေးအကုန်အကျအလွန်များခြင်း၊ ဆည်မြောင်းမြေအောက်လက်တံများ တိမ်ကောနေမှုကို အချိန်မီ ပြုပြင်ပေးနိုင်မှုမရှိ၍ ရေလုံလောက်စွာမရရှိခြင်း၊ နာဂဒေသများမှာလည်းပဲ သောက်သုံးရေအတွက် စိမ့်စမ်းရေရရှိသောနေရာများကို ရှာဖွေပြီး ရေလှောင်ကန်များတည်ဆောက်ပြီးတော့ ရေပိုက်များဖြင့် အဆင့် ဆင့်သွယ်တန်းရယူခြင်းဖြင့် ရေရှားပါးမှုဒုက္ခကို ဖြေရှင်းနေရပါတယ်။ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ ရေနှင့်နီးသဖြင့် ရေကိုမြင်တွေ့နေရပြီး အလွယ်တကူရေရနိုင်ပါတယ်။ အကယ်၍ ရေဟာ ရေငန်နေသည့်တိုင်အောင် သောက်မရသော်လည်းပဲ သုံးရေအဖြစ်သုံးစွဲရင် ရနိုင်ပါတယ်။ ရေကိုမမြင်ရဘဲ ဖုန်နှင့်တံလျှပ်ကိုသာ မြင်ရသည့်အညာဒေသများထက် များစွာအခြေအနေကောင်း တယ်လို့ဆိုရမှာဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့အခြေအနေများအရ အညာဒေသများတွင် စိုက်ပျိုးရေ၊ သုံးရေ၊ သောက်ရေ မည်မျှ အခက်အခဲရှိကြောင်း သိသာထင်ရှားပါတယ်။ သို့အတွက်ကြောင့်အညာဒေသနေ ပြည်သူများက ထမင်းအသက် ခုနှစ်ရက် ရေအသက်တစ်မနက်ဆိုသည့် စကားအတိုင်း ရွှေကိုမလို ရေကိုသာ လိုသည်ဟု ပြောရခြင်း ဖြစ်ပါတယ်။ အညာဒေသများဖြစ်တဲ့ မန္တလေးတိုင်း၊ မကွေးတိုင်း စစ်ကိုင်းတိုင်း တို့မှာ နိုင်ငံတော်အစိုးရအဆက်ဆက်ကနေပြီးတော့ အမြော်အမြင်ကြီးမားစွာနဲ့ ရေရရှိရေး၊ စိုက်ပျိုး ရေရရှိရေး၊ သောက်သုံးရေရရှိရေးများကို စေတနာအပြည့်အဝနဲ့ ဂရုတစိုက်ဆောင်ရွက်ပေးခဲ့တာ လည်း ရှိပါတယ်။ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ ရေလှောင်တာတမံ ၄၆ ခု၊ ရေလွှဲဆည် ၂၃ ခု၊ ရေလှောင်ကန် ၂၄ ခု၊ ကျေးရွာဆည်ကန် ၁၈၄ ခု၊ ဖွံ့ဖြိုးရေးဆည်ကန် ၂၃၂ ခု၊ မြစ်ရေတင် ၇၈ ခု၊ စက်ရေတွင်း ၁၅၇၉ ခုအထိ တည်ဆောက်တူးဖော်ပေးထားပါတယ်။ အလားတူ စစ်ကိုင်းတိုင်း ဒေသကြီးမှာလည်းပဲ ဆည်ရေလှောင်တမံ ၃၅ ခု၊ မြစ်ရေတင် ၆၂ ခု၊ ဆည်ငယ်ကန်ငယ် ၇၈၅ခု၊ စက်ရေတွင်း တွင်းတိမ်တွင်းနက် ၃၂၂၉ ခု အထိ တည်ဆောက်ပေးထားပြီး ဖြစ်သလို မကွေးတိုင်း ဒေသကြီးအတွင်းမှာလည်းပဲ ဆည်ရေလှောင်တာတမံ ၅၇ ခု၊ မြစ်ရေတင် ၃၁ခု၊ ဆည်ငယ်ကန်ငယ်

၁၁၀၂ ခု၊ စက်ရေတွင်း တွင်းတိမ်တွင်းနက် ၂၀၄၇ ခုအထိ တူးဖော်ပေးထားကြောင်း စာရင်းဇယားများ အရ သိရပါတယ်။ ယင်းကဲ့သို့အညာကျေးလက် ဒေသများရှိ စိုက်ပျိုးရေသုံးရေ ရရှိရေးအတွက် ဆည်မြောင်းတာတမံများ၊ ရေနုတ်မြောင်းများ၊ မြစ်ရေတင်များ၊ အဝီစိတွင်းများ၊ ကန်ကြီးကန်ငယ်များ၊ ချောင်းငယ်များ အမြောက်အများ ပြုလုပ်ပေးခဲ့သော်လည်း လူဦးရေများပြားသောကြောင့် ရရှိသော ရေနှင့် လူဦးရေမမျှတ၍ ရေမလုံလောက်ခြင်း၊ မိုးမရွာ၍ ရေမဝင်ခြင်း၊ ရေလှောင်ကန်များမှာ ရေဝေးနေခြင်း၊ အဝီစိတွင်းများမှာလည်းပဲ မြေကြီးရွေ့ရှားမှု မြေငလျင်လှုပ်ရှားမှုတို့ကြောင့် ပျက်စီးသွား၍ အသုံးပြု၍ မရတော့ခြင်း၊ ဆည်မြောင်းကန်ကြီး ကန်ငယ်များ တိမ်ကောသွားခြင်း၊ အချို့ရေတွင်းများဟာ ပထမပိုင်းမှာ တူးဖော်ကာစ ရေချိုသော်လည်းပဲ တဖြည်းဖြည်းနဲ့ ရေငန်လာပြီး နောက်ပိုင်းမှာ ရေခါး ဖြစ်ကာလုံးဝသုံးမရသည့် အခြေအနေအထိသို့ ဖြစ်သွားပါတယ်။ အဆိုပါလက်ရှိအခြေအနေကို ကွင်းဆင်းလေ့လာရင် သိရှိနိုင်ပါတယ်။ သို့ပါ၍ ရေရှားပါးသော ဒေသများရှိကျေးလက် ပြည်သူများ၏ စီးပွားရေး၊ လူမှုရေးဘဝသင့်တင့်စွာရရှိရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အထောက်အကူ ဖြစ်စေရန် ပြုပြင်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေသောက်ရေသုံးရေ ရှားပါးခက်ခဲနေသည့် အခြေအနေ အားလုံးကို သိရှိပြုပြင်ဆောင်ရွက်နိုင်ရန် အထူးအဖွဲ့များ စေလွှတ်စုံစမ်း၍ တွေ့ရှိ ချက်များအပေါ် နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးရေး ဤလွှတ်တော်မှတစ်ဆင့် တိုက်တွန်းပေးပါရန် တင်ပြအပ်ပါသည်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးအောင်သောင်း တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော် ကိုယ်စားလှယ် တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကျော်စိုး(နတ်မောက်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီး၊ ဒုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ကျွန်တော်ဦးစွာ ပဏာမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုးဖြစ်ပါတယ်။ အဆိုရှင်တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်း တင်သွင်းသွားတဲ့အဆိုဟာ ကျွန်တော်တို့နေထိုင်တဲ့ မကွေးတိုင်းဒေသကြီး အပါအဝင် ရေရှားပါးတဲ့ဒေသများအတွက် အလွန်ထင်ဟပ်ပေါ်လွင်တဲ့ အဆိုတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသမှာရှိတဲ့ တောင်သူများဟာ မိုးရေကိုမှီခိုပြီးတော့ စိုက်ပျိုးစားသောက်နေကြ ရတာဖြစ်ပါတယ်။ ယခုနှစ်မှာ မိုးရွာသွန်းမှုပုံမမှန်ခြင်း၊ နည်းပါးခြင်း၊ မိုးမရွာသွန်းခြင်း တို့ကြောင့်

တောင်သူတွေဟာ စိုက်ပျိုးရေးမှာ အခက်အခဲကြုံတွေ့ ရင်ဆိုင်နေကြရပါတယ်။ မိုးဟာကွက်ကျား ရွာတဲ့အတွက်ကြောင့် သောက်သုံးရေမှီခိုအားထားတဲ့ ဆည်ကန်များဟာလည်း ရေဝင်ရောက်မှု လွန်စွာနည်းပါးနေလျက်ရှိပါတယ်။ ဒါ့ကြောင့် ယခုဆိုလျှင် သောက်သုံးရေပါ အခက်ကြုံနေကြရပြီ ဖြစ်ပါတယ်။ ဒီအခက်အခဲတွေကို နိုင်ငံတော်အစိုးရမှသာ တာဝန်ယူဆောင်ရွက်မှသာ ထိရောက် မှန်ကန်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့်အဆိုရှင် တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်း တင်သွင်းတဲ့အဆိုကို ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ဦးအောင်သောင်း၊ တောင်သာမဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများမှ ပြန်လည်ရှင်းဖြေကြားဖို့ ဖြစ်ပါ တယ်။

**ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး(ပြည်ထောင်စုဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ လေးစားစွာ ဂါရဝပြုနှုတ်ခွန်းဆက် သအပ်ပါတယ်။ ကျွန်တော်ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းဌေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းရဲ့ အဆိုအပေါ်မှာ ပြန်လည်ရှင်းလင်းဖြေကြား သွားမှာဖြစ်ပါတယ်။ အဆိုရဲ့အနှစ်ချုပ်ကတော့ သောက်သုံးရေရှားပါးတဲ့၊ စိုက်ပျိုးရေ ရှားပါးတဲ့ဒေသ အရပ်အညာမှာ စိုက်ပျိုးရေနှင့်သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် အထူးအဖွဲ့များစေလွှတ် လေ့လာပြီးတော့ တွေ့ရှိချက်အပေါ်မှာ ပြည်ထောင်စုအစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးဖို့အဆိုပဲ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ယခင်ဆောင်ရွက်ချက်များနှင့်ပါ တစ်ပေါင်းတည်း တင်ပြမှသာ ပြည့်စုံမှာဖြစ်တဲ့အတွက်ကြောင့် တင်ပြခွင့်ပြုပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးအား လေးစားစွာ ပန်ကြားအပ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ၂၀၀၀ ပြည့်နှစ် မြန်မာနိုင်ငံမှာ ကျေးရွာ၊ ကျေးလက် ဒေသရေရရှိရေးနှင့်ပတ်သက်ပြီးတော့ စစ်တမ်းတစ်ခု ကောက်ခဲ့ပါတယ်။ ဒီလိုကောက်ခဲ့တဲ့အခါမှာ ကျေးရွာပေါင်း ၆၄၉၂၇ ရွာရှိပြီးတော့ ဒီရွာတွေအနက်မှာ သန့်ရှင်းတဲ့ သောက်သုံးရေရရှိတဲ့ ကျေးရွာ

ပေါင်း ၄၁၆၉၂ ရွာနဲ့ ရေအင်မတန်ခက်ခဲနေတဲ့ ကျေးရွာပေါင်း ၈၇၉ ရွာ၊ ရေလုံးဝမလုံလောက်တဲ့ ကျေးရွာ ၉၁၆၆ ရွာနဲ့ ခုနက သန့်ရှင်းတဲ့ သောက်သုံးရေမရတဲ့ရွာ ၁၃၁၈၀ ရွာဆိုပြီးတော့ စုစုပေါင်း ရေလိုအပ်ချက်နဲ့ပတ်သက်တဲ့ရွာပေါင်း ၂၃၂၂၅ ရွာရှိခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဒီလိုဖြစ်တဲ့အတွက် ကြောင့် ယခင်နတလဝန်ကြီးဌာန ယခု နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ကျေးလက်ဒေသ သောက်သုံးရေ ရရှိရေးလုပ်ငန်းများကို ၂၀၀၀-၂၀၀၁ ခုနှစ် ဘဏ္ဍာရေးနှစ်ကနေပြီးတော့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်ထိ ၁၀ နှစ်စီမံကိန်းရေးဆွဲပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ ဒီလို ဆောင်ရွက်ခဲ့တဲ့ အခါမှာ ရေလိုအပ်ချက်ရှိနေတဲ့ ကျေးရွာပေါင်း ၂၃၈၇၀ အတွက် ရေရရှိရေး လုပ်ငန်းစုစုပေါင်း ၃၄၈၅၈ ခုကိုဆောင်ရွက်ပေးနိုင်ပြီးတော့ ရေရှားပါးတဲ့ အပူပိုင်းဇုန်တိုင်းဒေသကြီး ၃ ခုဖြစ်တဲ့ စစ်ကိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှာ ကျေးရွာ ပေါင်း ၁၅၉၆၈ ရွာအနက် သန့်ရှင်းသော သောက်သုံးရေရရှိရန် လိုအပ်တဲ့ကျေးရွာပေါင်း ၈၁၉၅ ရွာကို လည်းကောင်း၊ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များမှာ ကျေးရွာပေါင်း ၄၈၉၄၉ ရွာရှိတဲ့အနက် ကျေးရွာပေါင်း ၁၅၆၇၅ ရွာကိုလည်းကောင်း အသီးသီးဆောင်ရွက်ပေးနိုင်တဲ့အတွက်ကြောင့် လူဦးရေ ၁၅.၅၂ သန်း ကို အကျိုးပြုနိုင်ခဲ့ပါတယ်။ ဒီနေရာမှာလည်း ၂၃၈၇၀ ရွာဆောင်ရွက်ပေးတဲ့အခါမှာ အပူပိုင်းဒေသ မှာပါဝင်တဲ့ ခုနက တိုင်းဒေသကြီး ၃ ခုက ရွာပေါင်း ၈၀၀၀ ကျော်ဆောင်ရွက်ပေးခဲ့တဲ့ အနေအထားကို ချင့်ချိန်မယ်ဆိုရင်တော့ ဒီဒေသတွေအတွက် ဦးစားပေးပြီးတော့ ဆောင်ရွက်ပေးခဲ့ တယ်ဆိုတာ ပေါ်လွင်မှာပဲဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ပေးခဲ့ပေမယ့် ဒီ ၂၀၀၀ ပြည့်နှစ်ကနေပြီးတော့ အခု ၂၀၁၃ ခုနှစ်အထိ ၁၃ နှစ်ကာလအတွင်း တိုးတက်များပြားလာတဲ့ လူဦးရေအပေါ်မှာမူတည် ပြီးတော့ ရေလိုအပ်ချက်တွေ ထပ်မံဖြစ်ပေါ်လာတဲ့အတွက်ကြောင့် နယ်စပ်ရေးရာဝန်ကြီးဌာနအနေ နဲ့လည်း ပြည်ထောင်စုအစိုးရသစ်လက်ထက်မှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကနေပြီးတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ၅ နှစ်စီမံကိန်းရေးဆွဲတဲ့နေရာမှာ ရေလိုအပ်တဲ့ကျေးရွာ ၅၂၁၁ ရွာမှာ သန့်ရှင်းတဲ့ သောက်သုံးရေရရှိရေးကို ဆက်လက်ဆောင်ရွက်ပေးဖို့ ကျွန်တော်တို့ စီမံကိန်းရေးဆွဲ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။

တစ်ဖက်မှာလည်း ဒီလိုဆောင်ရွက်တဲ့နေရာမှာ ခုနက ၅၂၁၁ ရွာဆိုတဲ့နေရာမှာ ပြည်နယ်နှင့် တိုင်းဒေသကြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအပါအဝင် စုစုပေါင်း ဒေသ ၂၀ မှာ တစ်နှစ်ကို ရွာ ၅၀ နှုန်းနဲ့ စုစုပေါင်းတစ်နှစ်ကို ရွာ ၁၀၀၀ ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ အဲ့ဒီအပြင် အထူးလိုအပ်တဲ့ ရွာ ၂၁၁ ရွာကို ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်

ရေးဦးစီးဌာနအနေနဲ့လည်း နှစ်စဉ်နှစ်တိုင်း ကျွန်တော်တို့ နယ်စပ်ဒေသများမှာ ရေရရှိရေးလုပ်ငန်းပေါင်း သောက်သုံးရေ ၁၅၀ နှင့် စိုက်ပျိုးရေ ၇၅၊ စုစုပေါင်း ၂၂၅ ရွာရရှိရေးကိုလည်း သီးခြားအစီအစဉ်နှင့်ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ခုနက ဖော်ပြပြီးဖြစ်တဲ့ တိုင်း ၃ တိုင်းမှာတော့ ကျေးရွာ ၉၈၂ ရွာ ပါဝင်ပြီးတော့ ကျန်တိုင်းဒေသကြီးမှာတော့ ကျေးရွာပေါင်း ၄၂၂၉ ရွာ ပါဝင်မှာဖြစ်ပါတယ်။ အခု ၅ နှစ်စီမံကိန်းမှာတော့ နောက်ထပ်လူဦးရေ ၂.၇၉ သန်းကို အကျိုးပြုစေမှာဖြစ်တဲ့အတွက်ကြောင့် ခုနက ၂ ရပ်ပေါင်းမယ်ဆိုရင်တော့ လူဦးရေ ၂၃ သန်းအထိ လုံလောက်စေမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီလုပ်ငန်းရပ်က ကျွန်တော်တို့ နှစ် ၃၀ လောက် ဆောင်ရွက်ရမယ့်လုပ်ငန်းကြီးဖြစ်တယ်လို့ မူလကတည်းက တွက်ချက်ဆောင်ရွက်ပြီးဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့် ဒီလိုလုံလောက်မှုမရှိတဲ့အပိုင်းကို ဒီနိုင်ငံတော်ထောက်ပံ့ငွေတစ်ခုတည်းနဲ့ ဆောင်ရွက်မယ်ဆိုရင်တော့ ပြီးစီးမှာမဟုတ်တဲ့အတွက်ကြောင့် UNICEF ကဲ့သို့သော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများ၊ JICA, BAJ ကဲ့သို့သော နိုင်ငံတကာအစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီးတော့ လိုအပ်ချက်များအပေါ် ကွင်းဆင်းလေ့လာပြီးတော့ ၅ နှစ်စီမံကိန်းတစ်ရပ်ကို ကျွန်တော်တို့ဆောင်ရွက်တဲ့နေရာမှာ အပူပိုင်းဇုန် တိုင်းဒေသကြီး ၃ ခုမှာ ကျေးရွာပေါင်း ၁၆၅ ရွာနဲ့ ကျန်တဲ့ပြည်နယ်/တိုင်းဒေသကြီးတွေမှာ ၂၉၁ ရွာစုစုပေါင်း ၄၅၆ ရွာ ဆက်လက်ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ အကျိုးပြုမယ့်လူဦးရေကတော့ ၃၆၀၀၀၀ ဖြစ်ပါတယ်။ ဒီနေရာမှာ နိုင်ငံတကာအကူအညီနဲ့ ဆောင်ရွက်တဲ့အပိုင်းမှာ ပြန်ပြီးတော့ သုံးသပ်ကြည့်တဲ့အခါကျရင် ကျွန်တော်တို့အနေနဲ့ လိုအပ်ချက်တွေအမြောက်အမြားရှိပေမယ့် သက်ဆိုင်ရာနိုင်ငံများအနေနဲ့ သူတို့ရဲ့ ကန့်သတ်ချက်များအရ ခုနက အရေအတွက်ကိုနှိုင်းဆမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ဆောင်ရွက်နိုင်တာရဲ့ ၁၂ ပုံ ၁ ပုံလောက်ပဲဆောင်ရွက်နိုင်တယ်ဆိုတာကို ၈ ရာခိုင်နှုန်းလောက်ပဲဆောင်ရွက်နိုင်တယ်ဆိုတဲ့ဟာကိုလည်း ကျွန်တော်တို့သုံးသပ်တွေ့ရှိရမှာပဲဖြစ်ပါတယ်။

ဒါကြောင့် ဒီလိုဆောင်ရွက်ပေးပြီးသည့်တိုင်အောင် ကျွန်တော်တို့ဒီနှစ် ၃၀ စီမံကိန်းမှာ နောက်ထပ် နိုင်ငံတကာအကူအညီနဲ့ ရေရရှိရေးလုပ်ငန်းပေါင်း ၃၆၀၇ ခုကို ထပ်မံဆောင်ရွက်ဖို့ဆိုတာကိုလည်း ညှိနှိုင်းပေါင်းစပ်ထားတာပဲဖြစ်ပါတယ်။ အဲဒီတော့ ဒီကနေ့ ရေရရှိမှုအခြေအနေကို ကျွန်တော်တို့ သုံးသပ်ကြည့်ရှုမယ်ဆိုလို့ရှိရင်တော့ သာမန်အားဖြင့်တော့ ကျွန်တော်တို့ အပူပိုင်းဒေသတွေမှာ သောက်သုံးရေလိုအပ်ချက်ကို လိုအပ်တယ်လို့ လူအများက သိရှိကြမှာဖြစ်ပါတယ်။ သို့ပေမယ့် နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာဒေသအားလုံးကို အဖွဲ့တွေစေလွှတ်ပြီးတော့ ဆာဗေး

လုပ်ကြည့်တဲ့အခါမှာ အထူးသဖြင့် ဖယ်ခုံရဲ့အနောက်ခြမ်းဒေသတွေ နောက်တစ်ခါ ဆီဆိုင်မြို့နယ် ပွန်ချောင်းရဲ့ အနောက်ပိုင်းဒေသတွေမှာဆိုလို့ရှိရင် အနားမှာချောင်းရှိနေလျက်ပင် ကျေးရွာတွေဟာ ရေမရရှိတဲ့အခြေအနေတွေကို တွေ့ရှိရတာပဲဖြစ်ပါတယ်။ အဲဒီတော့ သန့်ရှင်းတဲ့ရေမရှိတဲ့အတွက်ကြောင့် ဒီဒေသမှာနေထိုင်တဲ့ကလေးတွေဟာ ဝက်သက်ရောဂါလိုဟာမျိုး ဒီတစ်ကြိမ်ဖြစ်ပြီး ပျောက်သွားရမယ့်ရောဂါမျိုးကိုပင်လျှင် ရေရှည်အနေနဲ့ ဖြစ်ပွားနေတယ်ဆိုတာလည်း ကျွန်တော်တို့ ဝမ်းနည်းစွာ တွေ့ရှိနေရတာပဲဖြစ်ပါတယ်။ အလားတူပဲ ကျွန်တော်တို့ တစ်ချိန်တုန်းက အပူပိုင်းဒေသတွေမှာ တွေ့ရှိရတဲ့အနာကြီးရောဂါလိုဟာမျိုးကလည်း ဒီဒေသတွေမှာ အမြောက်အမြား ဆက်လက်ရှိနေဆဲဖြစ်တယ်ဆိုတာ တွေ့ရှိရတာပဲဖြစ်ပါတယ်။ ဒီလိုတွေ့ရှိရတဲ့အတွက်လည်း ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ဒီဒေသတွေကို ဦးစားပေးပြီးတော့ ဆောင်ရွက်နေတာရှိပါတယ်။ ဒါကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၆ ခုဖြစ်တဲ့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ပအို့ဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေမှာ ကျန်တဲ့တိုင်းဒေသကြီး/ပြည်နယ်တွေနဲ့ နှိုင်းစာရင်ပိုတောင်မှ လူမှုအဆင့်အတန်းတွေဟာ နိမ့်ကျနေတာဖြစ်တဲ့အတွက်ကြောင့် ရေရရှိရေးလုပ်ငန်းတွေကို ကျွန်တော်တို့အထူးအစီအစဉ်နဲ့ ဆောင်ရွက်နေတဲ့ အစိတ်အပိုင်းတွေလည်းရှိကြောင်း ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ ဒီကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေမှာကျတော့ သူတို့ကိုယ်တိုင်ကလည်းကိုယ်ထူကိုယ်ထ ဆောင်ရွက်နိုင်တဲ့နေအထားဖြစ်အောင် ကျွန်တော်တို့ စက်ယန္တရား ပံ့ပိုးခြင်း၊ ငွေကြေးပံ့ပိုးခြင်း၊ နောက်တစ်ခါ ဘဏ္ဍာငွေချမှတ်ပေးခြင်းနှင့် သက်ဆိုင်တဲ့ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေကလည်း ပြည်သူများကလည်း တစ်စိတ်တစ်ပိုင်းပါဝင်ဆောင်ရွက်ခြင်း နည်းလမ်းနဲ့ ကျွန်တော်တို့ ဒီနှစ်မှာစပြီးတော့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့နဲ့ ဒီလိုပြည်သူလူထုကပါဝင်ပြီး ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဒီအစိုးရတစ်ခုတည်းက ဆောင်ရွက်တဲ့လုပ်ငန်းရလဒ်များထက်ပိုပြီးတော့ တိုးတက်တဲ့ရလဒ်များ ရရှိမယ်လို့လည်း ကျွန်တော့်အနေနဲ့ သုံးသပ်ရရှိတာဖြစ်ပါတယ်။ နောက် ယခုနှစ် ကျေးလက်ဒေသသောက်သုံးရေရရှိရေး လုပ်ငန်းများဟာ ကျွန်တော်တို့ ဖြည့်စွက်ရန်ပုံငွေကျမှ ဘဏ္ဍာငွေရရှိခြင်းဖြစ်တဲ့အတွက်ကြောင့် အခုရရှိတဲ့အချိန် ၂ လ၊ ၃ လအတွင်းမှာ အလွန်လျင်မြန်စွာနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ရတဲ့ အနေအထားဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာလည်း မူလက ဌာနကဆောင်ရွက်တဲ့စနစ်အစား အိတ်ဖွင့်တင်ဒါနဲ့

ကုမ္ပဏီပေါင်း ၉၀ ကျော်ခေါ်ယူပါတယ်။ အဲဒီထဲကနေ ကုမ္ပဏီပေါင်း ၁၅ ခုက တင်ဒါ အောင်မြင်ပြီးတော့ ကန်ထရိုက်စနစ်နဲ့ လုပ်ငန်းအပ်နှံပြီးတော့ သောက်သုံးရေရရှိရေး အရည်အသွေးပိုင်းကို ၅ နှစ်ကာလအထိ စနစ်တကျတာဝန်ယူခိုင်းတဲ့ စည်းကမ်းသတ်မှတ်ချက်တွေလည်း စံချိန်စံညွှန်း သတ်မှတ်ချက်တွေလည်း ပါဝင်တဲ့အတွက်ကြောင့် ဒီနှစ်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်တဲ့အခါမှာ မူလကထက် အရည်အသွေး ပိုမိုမြင့်မားလာမယ်လို့လည်း ကျွန်တော့်အနေနဲ့ တာဝန်ယူပြီးတော့တင်ပြအပ်ပါတယ်။ ဒါကြောင့် နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ အခုလို ဆောင်ရွက်ခဲ့တဲ့ အားလျော်စွာ တစ်ဖက်မှာလည်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့လည်း မူလရည်မှန်းချက် တာဝန်ဖြစ်တဲ့ စိုက်ပျိုးရေရရှိရေးသာမက နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ သောက်သုံးရေ ရရှိရေးအတွက် ဒီဌာနကတော့ အင်မတန်ကြာမြင့်စွာဖွဲ့စည်းခဲ့တဲ့ ဌာနဖြစ်တဲ့အတွက်ကြောင့် ၁၉၅၂-၁၉၅၃ ဘဏ္ဍာရေးနှစ်ကနေပြီးတော့ အခုအချိန်အထိ စက်ရေတွင်းပေါင်း ၃၈၃၂၀ တွင်း စိုက်ပျိုးရေး ရေတွင်းပေါင်း ၈၃၁၅ တွင်းတို့ကို တူးဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အခု ပစ္စုပ္ပန်ကာလဖြစ်တဲ့ ၂၀၁၀-၂၀၁၁ ခုနှစ်ကနေ ၂၀၁၂-၂၀၁၃ ခု ၃ နှစ်တာကာလအတွင်းမှာလည်း မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဇုန်ဒေသတွေမှာ သောက်သုံးရေစက်ရေတွင်းပေါင်း ၂၀၅ တွင်းနဲ့ စိုက်ပျိုးရေစက်ရေတွင်း ပေါင်း ၁၂၀၉ တွင်းတူးဖော်ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းတင်ပြ ခဲ့တဲ့ စိုက်ပျိုးရေ၊ သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် ရေရှားပါးတဲ့ဒေသများကို ကျွန်တော်တို့ အထူးအနေနဲ့ ဆောင်ရွက်ပေးဖို့ကိစ္စရပ်မှာ ကျွန်တော်တို့ ဝန်ကြီးဌာနနှစ်ခု ဆက်လက်ပူးပေါင်းပြီးတော့ ဆောင်ရွက် ပေးသွားမှာဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ ပြည်ထောင်စု အစိုးရကိုယ်စားတာဝန်ယူ တင်ပြအပ်ပါတယ်။ တစ်ဖက်မှာလည်း စိုက်ပျိုးရေးရေရရှိရေးလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဟာ သူ့ရဲ့မူလတာဝန်အတိုင်း ဆည်များတည်ဆောက်ခြင်း၊ မြစ်ရေတင်လုပ်ငန်းများဆောင်ရွက်ခြင်း၊ မြေအောက်ရေရရှိရေး လုပ်ငန်းများဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ရာမှာ တည်ဆောက်ပြီးဆည် ၃၇၇ ခုနှင့် အကျိုးပြုဧကပေါင်း ၄.၁ သန်း၊ မြစ်ရေတင် လုပ်ငန်း ၃၆၇ ခုနှင့် အကျိုးပြုဧကပေါင်း ၇၄၂၄၈၆ ဧကတို့ ဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ တင်ပြပါ အဆိုနှင့်ပတ်သက်ပြီး ပြည်ထောင်စုအစိုးရအနေဖြင့် စိုက်ပျိုးရေနှင့် သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် နိုင်ငံတော်ဘဏ္ဍာငွေနှင့် နှစ်တိုနှစ်ရှည်စီမံကိန်းများ၊ ရည်မှန်းချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့အပြင် နိုင်ငံတကာအကူအညီနဲ့

အထောက်အပံ့များဖြင့်လည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များကလည်း သီးခြားအစီအမံများဖြင့် ဆောင်ရွက်ခြင်းများရှိပါကြောင်း တင်ပြအပ်ပါတယ်။ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံကျေးလက်ဒေသများမှာ ရေရှားပါးမှုရှိနေသေးသည်မှာ ပကတိအမှန်တရားပဲဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ အဆိုပြုထားသည့်အတိုင်း ကျေးလက်များ သောက်သုံးရေနှင့် စိုက်ပျိုးရေလုံလောက်စွာရရှိရေး အစီအမံများကို ပြည်ထောင်စုအစိုးရအနေဖြင့် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ တစ်ဖက်မှာလည်း ပြည်သူလူထုအပိုင်းဟာ အင်မတန်မှအင်အားကြီးမားတဲ့အပိုင်းဖြစ်ပါတယ်။ ဒီကနေ့ ကျင့်သုံးနေတဲ့ မဟာဗျူဟာကလည်း ပြည်သူလူထုဗဟိုပြု မဟာဗျူဟာဖြစ်တဲ့အတွက်ကြောင့် ပြည်သူလူထုအပိုင်းကလည်း တစ်တပ်တစ်အား ပါဝင်လာရေးအတွက် ပြည်သူ့ကိုယ်စားလှယ်ကြီးများမှ စည်းရုံးဆောင်ရွက်ပေးနိုင်ပါရန် တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းရဲ့တင်ပြတဲ့ ကျေးလက်ဒေသ စိုက်ပျိုးရေ၊ သောက်သုံးရေရရှိရေးအတွက် အထူးစီမံကိန်းချမှတ်ပြီးတော့ ဆောင်ရွက်ပေးဖို့ဆိုတဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ခုနကကျွန်တော်တို့ နယ်စပ်ဒေသဝန်ကြီးရှင်းလင်းတင်ပြသွားတဲ့ထဲမှာလည်း တော်တော်များများပါရှိသွားပြီဖြစ်ပါတယ်။ ကျွန်တော်တို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ဆိုရင်တော့ အဓိကကျွန်တော်တို့ စိုက်ပျိုးရေရရှိရေးကို အဓိကထား ဆောင်ရွက်ပေးပါတယ်။ အဲ့ဒီတော့ လက်ရှိအခြေအနေအရ တင်ပြရမယ်ဆိုရင်တော့ ကျွန်တော်တို့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှာ ဆည်မြောင်းဦးစီးဌာနနဲ့ ကျွန်တော်တို့ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနဆိုပြီးတော့ ဒီဌာနကြီးနှစ်ခုသည် စိုက်ပျိုးရေရရှိရေးကို အထူးပြုဆောင်ရွက်တဲ့ဌာနများ ဖြစ်ပါတယ်။ အဲဒီတော့ ဆည်မြောင်းဌာနကဆောင်ရွက်ထားတဲ့ တာတမံကို ရေလှောင်ကန်များ ရေသောက်စနစ်များက ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်းမှာပဲ

နှစ်ကာလကြာမြင့်လာပြီဖြစ်တဲ့အတွက်ကြောင့် ဆည်တွေက ကျွန်တော်တို့ရေပေးယူမှုမှာ ထိရောက်မှုများ တော်တော်နည်းပါး လာတာတွေ့ရပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ဒီတည်ဆောက်ပြီးတဲ့ဆည်များကို အထူးအစီအစဉ်တွေနဲ့ ပြန်လည်မွမ်းမံပြင်ဆင်ဖို့ဆိုတဲ့ စီမံချက်ချဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီဆည် တွေအနေနဲ့ဆိုရင် ကျွန်တော်တို့ ဆည်ရေသောက်စနစ် အဟောင်းတွေပြုပြင်ဖို့ဆိုရင်တော့ တစ်ပြည်လုံးအတိုင်းအတာအနေဖြင့် ၁၆ ခုကိုရွေးချယ်ထားပြီး ဖြစ်ပါတယ်။ ပြီးတော့ တစ်ဆက်တည်းမှာ ကျွန်တော်တို့ ရေလှောင်တမံစီမံကိန်းများပြီ ပြီးတော့ ဆက်လက် ကျန်တဲ့စီမံကိန်း ၁၈ ခု ရှိနေပါတယ်။ ရေလှောင်တမံ ၁၈ ခုကိုလည်း ကျွန်တော်တို့ ရည်မှန်းချက်ချပြီးတော့ ဒါကိုဆက်လက်ဆောင်ရွက်သွားဖို့ စီမံထားပါတယ်။ အဲဒီတော့ ဒီလုပ်ငန်းနှစ်ရပ်လုံးကို ဆောင်ရွက်ဖို့ဆိုရင် ကျွန်တော်တို့ နိုင်ငံတော်ရဲ့ရှိတဲ့ရန်ပုံငွေပေါ်မှာ အခြေတည်ပြီးဆောင်ရွက်နေသလိုတစ်ဖက်ကလည်း ကျွန်တော်တို့ နိုင်ငံတကာချေးငွေကို ရှာဖွေဆောင်ရွက်လျက်ရှိပါတယ်။ လောလောဆယ်အားဖြင့် အိန္ဒိယနိုင်ငံ ချေးငွေဒေါ်လာသန်း ၂၀၀ ကို ရယူဖို့အတွက်ကို နိုင်ငံတော်အကြီးအကဲများက နှစ်ဖက်နိုင်ငံအကြီးအကဲများ အားလုံးက ညှိနှိုင်းထားပြီးဖြစ်တဲ့အတွက်ကြောင့် ဒါကိုဆက်လက်ရယူပြီးတော့ အခုကျွန်တော် တင်ပြပါ မပြီးသေးတဲ့ရေသောက်စနစ် ၁၈ခု တည်ဆောက်ပြီးတဲ့ ဆည်အဟောင်း ၁၆ ခုရဲ့ ရေသောက်စနစ်တွေပြုပြင်ဖို့ကိုလည်း ကျွန်တော်တို့ ဆက်လက်စီမံ ဆောင်ရွက်သွားမယ်ဖြစ်ပါကြောင်းကို တင်ပြလိုပါတယ်။ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနအနေနဲ့ မြစ်ရေတင်လုပ်ငန်းများကိုဆောင်ရွက်ပြီးတော့ စိုက်ပျိုးရေရရှိရေးကို ဆောင်ရွက်လျက်ရှိပါတယ်။ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနအနေနဲ့ဆိုရင်တော့ စိုက်ပျိုးရေရရှိရေးတင်မက ကျွန်တော်တို့အလျဉ်းသင့်သလို သောက်သုံးရေရရှိရေးကို အလျဉ်းသင့်တဲ့ဒေသတွေမှာ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အထူးသဖြင့်ဆိုရင်တော့ အခုအစိုးရသစ်ကာလအပိုင်းမှာ လုပ်ငန်းရဲ့ ရည်ရွယ်ချက်အရဆောင်ရွက်ရတဲ့နေရာမှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန လက်အောက်က ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနသည် သောက်သုံးရေရရှိရေးကိုအဓိကထား ဆောင်ရွက်ခြင်းမရှိတော့ဘဲနဲ့ အဓိကအားဖြင့် စိုက်ပျိုးရေရရှိရေးကို ဆောင်ရွက်ရတဲ့အနေအထား ရှိပါတယ်။ တူးဖော်တဲ့တွင်းများကလည်း စိုက်ပျိုးရေရရှိရေးကို အဓိကထားဆောင်ရွက်နေရပါတယ်။ သို့သော်လည်း တွင်းတူးတဲ့စက်များကို ပြန်ပြီးတော့သုံးသပ်လိုက် မယ်ဆိုရင်ဒီနယ်စပ်စည်ပင်မှာရှိတဲ့ တွင်းတူးစက်တွေဟာ တွင်းတိမ်တူးစက်များသာ ဖြစ်ပါတယ်။ ပြောရမယ်ဆိုရင်တော့ ပေ ၃၀၀ အနက်လောက်ထိကိုပဲ တူးနိုင်ပြီးတော့ ကျွန်တော်တို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ရေအရင်း

အမြစ်အသုံးချရေးဦးစီးဌာနမှာရှိတဲ့ စက်တွေကတော့ ပေ ၁၀၀၀ အနက် သူ့ထက်နက်တဲ့ ထက်ပြီးတော့ အနည်းဆုံးပေ ၁၀၀၀ ထိကို သာတူးနိုင်တဲ့စက်တွေဖြစ်ပါတယ်။ ဒီစက်တွေအားလုံးဟာ ကျွန်တော်တို့ လက်ဝယ်မှာရှိတဲ့အတွက်ကြောင့် အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားရပ်ဝန်းဒေသတွေမှာ သောက်သုံးရေရရှိရေးဟာ အထူးလိုအပ်လာတာဖြစ်တဲ့အတွက်ကြောင့် ဒီအနက်တူးနိုင်တဲ့ တွင်းမြေစက်များကို နယ်စပ်စည်ပင်ဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီးတော့ တွင်းတူးခြင်းဆက်လက်ဆောင်ရွက်သွားဖို့လည်း ညှိနှိုင်းစီစဉ်ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်းတင်ပါလိုပါတယ်။ ရန်ပုံငွေအခြေအနေနဲ့ကတော့ နယ်စပ်စည်ပင်ဝန်ကြီးဌာနရဲ့ရန်ပုံငွေ လုပ်ငန်းကိုကျွန်တော်တို့ကတော့ ပါဝင် ဆောင်ရွက်တဲ့လုပ်ငန်းတွေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဝန်ကြီးဌာန ၂ ခု သည်မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသမှာရှိတဲ့ ကျေးလက်ဒေသမှာ သောက်သုံးရေရရှိရေးကို အထူးအစီအစဉ်အနေနဲ့ ပူးပေါင်းညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ကျွန်တော်တို့တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ် အဆိုတင်သွင်းသူ ဦးအောင်သောင်းရဲ့ သဘောထားသိလိုပါတယ်။

**ဦးအောင်သောင်း(တောင်သာမဲဆန္ဒနယ်)**။ ။ကျွန်တော်တင်ပြတဲ့ အဆိုကတော့ ဒီလိုရေရှားပါးတဲ့နေရာမှာ စိုက်ပျိုးရေနှင့် သောက်ရေ၊ သုံးရေရရှိရေးအတွက်ဖြစ်ပါတယ်။ အဲဒါတွေအတွက်ကို ကျွန်တော်တို့ ဒီနေ့ နယ်စပ်ရေးရာဝန်ကြီးဌာနက တင်ပြသွားတဲ့ သောက်ရေ၊ သုံးရေရရှိရေး ဆောင်ရွက်ချက်ဟာ အားရစရာလည်း ကောင်းပါတယ်။ ကျေနပ်စရာ လည်းကောင်းပါတယ်။ ပြည်သူအများသိရင်လည်း အင်မတန်မှ ဝမ်းသာသွားမယ်လို့ မျှော်လင့်ပါတယ်။ အခုလည်းပဲ နယ်စပ်ရေးရာဝန်ကြီးဌာနက ကျွန်တော်တို့ တတ်နိုင်သလောက် အစွမ်းကုန်ကြိုးစားပြီးတော့မှ သောက်ရေ သုံးရေရရှိအောင်ဆောင်ရွက်မယ်ဆိုတဲ့ အစီအမံကြားသိရတဲ့အတွက် ဝမ်းသာပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ အဲတော့ ဆည်မြောင်းဦးဌာနကလည်းပဲ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်ပေါင်းစပ်ပြီးတော့မှ စိုက်ပျိုးရေ၊ သောက်ရေ၊ သုံးရေရရှိနိုင်အောင် ဆောင်ရွက်မယ်လို့သိရှိရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အဲတော့ ဒီဝန်ကြီးဌာန နှစ်ခုလုံးရဲ့ကနေပြီးတော့မှ ရေရှားပါးတဲ့ဒေသတွေကို အထူးပြုပြီးတော့မှ ဆောင်ရွက်ပေးမယ်လို့ဆိုတဲ့ ကျွန်တော်တို့ ကတိကဝတ်ကိုလည်းပဲ

ဤလွှတ်တော်မှ မှတ်တမ်းတင်ထားရင် ကျွန်တော်အဆိုရှင်အနေနဲ့ ကျေနပ်လက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုရှင် ဦးအောင်သောင်း တင်သွင်းတဲ့ အဆိုနဲ့ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ လယ်ယာနှင့်ဆည်မြောင်းရေးရာဝန်ကြီးဌာနတို့မှလည်း အဆိုပေါ်မူတည်ပြီး ပြန်လည်ရှင်းလင်းတင်ပြပေးခဲ့ပါတယ်။ ဒီလိုတင်ပြတဲ့နေရာမှာ ဝန်ကြီးဌာနနှစ်ခု ပူးပေါင်းဆောင်ရွက်မယ်။ ပိုပြီးတော့ လုပ်ငန်းတွင်ကျယ်အောင် ဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံခြားအထောက်အပံ့အကူအညီလည်း ရယူသွားရမယ်။ ကြိုးလည်းကြိုးစားရမယ်။ ထိုနည်းတူစွာပဲ ပြည်သူများရဲ့အားဟာ အင်မတန်အရေးကြီးတဲ့အတွက် ပြည်သူများ ပူးပေါင်းပါဝင်မယ်ဆိုရင်လည်း အချိန်တိုအတွင်းမှာ ကြီးမားကျယ်ပြန့်တဲ့ လုပ်ငန်းကြီးကို ဆောင်ရွက်နိုင်မယ်လို့ တင်ပြသွားချက်ဟာ ဒီကနေ့ သောက်သုံးရေ ရှားပါးမှုဖြစ်ပေါ်နေတဲ့ ကျေးရွာများ၊ ကျေးရွာများဆိုတဲ့ နေရာမှာ ခုနကတင်ပြသွားသလို ပြည်နယ်/ပြည်မတင်မကပဲနဲ့ တချို့ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေမှာ ဖြစ်ပေါ်နေပါကြောင်း ကြားသိရပါတယ်။ အဲလိုဆောင်ရွက်တဲ့နေရာမှာလည်း တကယ့်ကို ဦးစားပေး အရေးကြီးရမယ့် ကိစ္စတွေကို ဆောင်ရွက်ပေးမယ် ဆိုတဲ့ဟာလည်း ကြားသိလိုက်ရပါတယ်။ ဒါကြောင့်မို့လို့ ဒီကနေ့ အဆိုရှင်တင်သွင်းတဲ့အဆိုဟာလည်း တကယ်ဆိုရင် တကယ့်ပကတိ လိုအပ်ချက်ပေါ်မှာ မူတည်ပြီးတော့ တင်ပြတာဖြစ်သလို ပြည်ထောင်စုအစိုးရအဖွဲ့ တာဝန်ခံပြီး ဆောင်ရွက်နေတဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် လယ်ယာနှင့်ဆည်မြောင်းဝန်ကြီးဌာနရဲ့ ရှင်းလင်းတင်ပြချက်တွေ ဆောင်ရွက်ချက်တွေဟာလည်း ကျွန်တော်တို့အနေနဲ့ သိသာထင်ရှားစွာမြင်ပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုဆောင်ရွက်တဲ့နေရာကို ကျွန်တော်တို့ အဆိုရှင်တင်ပြသလို မှတ်တမ်းတင်ထားရှိပြီးတော့ တစ်ဖက်ကလည်း ဒီထက်ပိုပြီးတော့ လျင်လျင်မြန်မြန်နှင့် ထိရောက်စွာ ဆောင်ရွက်နိုင်ဖို့အတွက်လည်း ဆက်လက်ကြိုးစားသွားဖို့လည်း ရှိတယ်ဆိုတာ သိရတဲ့အတွက် အဆိုရှင် အကြံပြုဆွေးနွေး တင်ပြသလို ဒီတင်ပြချက်ဆွေးနွေးချက်တွေကို မှတ်တမ်းတင်ထားရှိပြီးတော့ နိုင်ငံတော်အစိုးရရဲ့ ဆောင်ရွက်ချက်များကိုလည်း ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ပြည်သူ့ကိုယ်စားလှယ်တွေက ဝိုင်းဝန်းကူညီပူးပေါင်း ဆောင်ရွက်ဖို့ဆိုတဲ့နေရာမှာ ပြည်သူများရဲ့အားလည်း လိုအပ်တယ်ဆိုတာ အမှန်ပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုနှင့်ပတ်သက်လို့ ကျွန်တော်ရှင်းလင်းတင်ပြပါမယ်။

တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်းတင်သွင်းတဲ့ ရေရှားပါးသောဒေသများရှိ ကျေးလက်ပြည်သူများ၏ စီးပွားရေး၊ လူမှုရေးဘဝသင့်တင့်စွာရရှိရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အထောက်

အကူဖြစ်စေရန် ပြုပြင်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ သောက်သုံးရေ ရှားပါးခက်ခဲနေသည့် အခြေအနေအားလုံးကို သိရှိပြုပြင်ဆောင်ရွက်နိုင်ရန် အထူးအဖွဲ့များစေလွှတ်စုံစမ်းရေး တွေ့ရှိချက်များအပေါ် နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် ဤလွှတ်တော်မှ တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားရှိပြီး နိုင်ငံတော်အစိုးရရဲ့ ဆောင်ရွက်ချက်များအပေါ် ပူးပေါင်းဆောင်ရွက်ချက်အပေါ် ပူးပေါင်းဆာင်ရွက်ကူညီရန် မှတ်တမ်းတင်ခြင်းကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ဦးအောင်သောင်းတင်သွင်းတဲ့ အဆိုကို လွှတ်တော်မှ မှတ်တမ်းတင်ထားရှိပြီး ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သောက်သုံးရေနှင့် ပတ်သက်ပြီးတော့ အညာဒေသ မန္တလေး၊ မကွေး၊ စစ်ကိုင်းဒေသတင် မဟုတ်ဘဲနဲ့ ရေအင်မတန်မှ ပေါတယ်ဆိုတဲ့ မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေဒေသမှာလည်း သောက်သုံးရေ ရှားပါးမှုရှိကြောင်းပြီးခဲ့တဲ့ ခရီးစဉ်များအရ သိရှိပါတယ်။ ဒီနေရာမှာ ကန်ရေသောက်စသဖြင့်ပေါ့လေ ဒီလိုအဆိုတွေရှိခဲ့တယ်။ ပြီးတဲ့အခါမှာ ဒီပေါ်မူတည်ပြီးတဲ့အခါမှာ တချို့တချို့လည်း ခုနက ရောဂါဖြစ်ပွားတဲ့နေရာမှာ မျက်ခမ်းစပ်စသဖြင့် ဒါမျိုးလေးရှိသလို တချို့လည်း ခုနကပြောတဲ့ ရောဂါတွေဖြစ်ခဲ့တယ်ဆိုတာလည်း အညာဒေသမှာဖြစ်ပေါ်သလို ခုနက ပြည်ထောင်စုဝန်ကြီး ရှင်းပြတဲ့အခါမှာ ဝမ်းနည်းစွာနဲ့ပဲ ကယားပြည်နယ်နှင့် အခြားဒေသတွေမှာ ဖြစ်ကြောင်းလည်းပဲ အမှန်အတိုင်းပြောမယ်ဆိုရင် ကျွန်တော်တို့ ဒီလိုသိရပါတယ်။ ဒါကြောင့် သောက်သုံးရေ ရှားပါးမှုဟာ တကယ်ပဲ ပင်လယ်နဲ့နီးနေတဲ့ နေရာတွေမှာလည်း ရှားပါးမှုတွေဖြစ်နေပါတယ်။ ကျွန်တော်တို့ဘက် ဖျာပုံဒေသ၊ ဖျာပုံအအောက်မှာရှိကြတဲ့ တစ်ခါ ဒေးဒရဲတို့၊ နောက်တစ်ခါ ပင်လယ်မြစ်ဝဒေသတွေမှာလည်း သောက်သုံးရေ အင်မတန်ရှားပါးပါတယ်။ ဒီဘက် ကျိုတ်လတ်က အောက်ပိုင်းရောက်သွားမယ်ဆိုလို့ရှိရင် သောက်ရေအတွက် မိုးတွင်းမှာစဉ့်အိုးတွေနဲ့ အများကြီးခံထားရပါတယ်။ တစ်ချို့နေရာတွင် ကျတဲ့အခါမှာကျတော့ ဒီလောက်နဲ့မလုံလောက်တဲ့အတွက် သောက်ရေကန်တွေ တူးထားတာ ရှိပါတယ်။ သောက်ရေကန်တွေမှာလည်း အမြဲတမ်းလုံလောက်စွာမရတဲ့အခါတွေလည်း ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီပင်လယ်နဲ့ နီးတဲ့အပိုင်းဆိုလို့ရှိရင် ဖေဖော်ဝါရီလကုန်၊ မတ်လ၊ ဧပြီလ၊ မေလမှာ သောက်သုံးရေပြဿနာများရှိပါတယ်။ ပင်လယ်နီးဆိုတဲ့နေရာမှာ ပင်လယ်နဲ့ မိုင်ရာဂဏာန်းလောက်

ရှိတဲ့ ပုသိမ်မြို့ရဲ့ တောင်ဘက်ခြမ်းဒေသမှာလည်း ဒါပုသိမ်မြို့၊ ဧရာဝတီတိုင်းရဲ့ မြို့တော် ပုသိမ်မြို့မှာ သည်ပင်လျှင်ပဲ မတ်လ၊ ဧပြီလတွေမှာလည်းပဲ သောက်သုံးရေအခက်အခဲများ ရှိပါတယ်။ အဲဒီအတိုင်းပဲ ရခိုင်ပြည်နယ်မှာလည်း ရေနဲ့သာနီးပေမယ့် သောက်သုံးရေ၊ တနင်္သာရီဒေသတွေမှာလည်းပဲ ပင်လယ်နဲ့နီးတဲ့ နေရာမှာ ရေနဲ့သာနီးပေမယ့် သောက်သုံးရေက ရှားပါးနေတဲ့အတွက် ဒီကိစ္စကို ပြည်ထောင်စုဝန်ကြီးတွေမှာ ကြုံတုန်းတိုက်တွန်းချင်တာက အဲဒီဒေသတွေအတွက်ပါ ဦးစားပေး အလိုက်ဆောင်ရွက်ပြီး နောင်ကျလို့ရှိရင်အဆင်ပြေအောင် နိုင်ငံတကာအကူအညီများ ရယူတဲ့နေရာမှာ ရေဟာအရေးကြီးဆုံးဖြစ်တဲ့အတွက် ဒါကိုလည်း ဦးစားပေးဆောင်ရွက်သင့်တယ်။ အဲဒီနည်းတူပဲ ဘတ်ဂျက်၊ ဘတ်ဂျက်ကိစ္စ ကျွန်တော်တို့ပြောပါတယ်။ အဲလိုပြောတဲ့နေရာမှာ ဒီနေ့ ဒီလိုအမှန်တကယ် လုပ်ဖို့လိုတဲ့ကိစ္စများအတွက် ကျွန်တော်တို့ လွှတ်တော်ပိုင်းကတော့ ဘတ်ဂျက်နဲ့ ပတ်သက်လို့ သိပ်ပြီး ကန့်သတ်စရာမရှိဘူး။ သက်ဆိုင်ရာပြည်ထောင်စုအဆင့် ပြည်ထောင်စုဝန်ကြီးဌာနများက အမှန်တကယ်လိုအပ်နေတဲ့ဟာ တင်ပြမယ်ဆိုလို့ရှိရင် သက်ဆိုင်ရာ စီမံကိန်းကောင်မရှင်၊ ဘဏ္ဍာရေးကော်မရှင်မှ တင်ပြလာတဲ့အခါမှာ ဒီကိစ္စမျိုးအတွက်တော့ မိမိတို့လွှတ်တော်ဘက်က မည်သည့်နည်းနဲ့မှ ဖြတ်တောက်ခြင်းရှိမှာ မဟုတ်ကြောင်းနဲ့ လိုအပ်မယ်ဆိုလျှင် ထပ်ပြီးတော့ တင်နိုင်ပါကြောင်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ ဒါကြောင့်ဒီနေ့ ဒီလွှတ်တော်အစည်းအဝေးမှာ လာရောက်ရှင်းလင်းတင်ပြပေးတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများကိုလည်း ကျေးဇူးတင်သလို သောက်သုံးရေ ဦးစားပေး၊ ဒုတိယဦးစားပေးကတော့ စိုက်ပျိုးရေကိစ္စများအတွက် လာမယ့်ကာလများမှာ ဦးစားပေးအဆင့် သတ်မှတ်ပြီး ထိုက်သင့်တဲ့စီမံကိန်း၊ ထိုက်သင့်တဲ့ငွေများ တောင်းခံသွားဖို့အတွက် ဝန်မလေးပါနဲ့ ဆောင်ရွက်ပေးပါလို့၊ ပြောကြားလိုပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ရပ်နားကြောင်း အစည်းအဝေး အဋ္ဌမနေ့ ကျင်းပနေ့ နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက် ၁၀း၀၀ နာရီမှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၅။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးသတ္တမနေ့ကို ၁၂း၁၅ နာရီအချိန်တွင်ရပ်နားပါသည်။]